## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၈)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိသက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ကျင်းပသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ◆**



ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်)

# နိုင်ငံနှင့်ပြည်သူအတွက်သတင်းမီဒီယာ

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၆၅ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန်ရှောင်ကြဉ်ရမည်။ ထို့ပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများအချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်" ဟူ၍ ပြဋ္ဌာန်းထားသည်။

သတင်းမီဒီယာဆိုသည်မှာ **"သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြားစိတ်ဖြာခြင်း၊ ဖြန့်ချီခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်းအချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့်အသွင်သဏ္ဌာန်များအသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာတာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့်လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကိုဆိုသည်"** ဟူ၍ သတင်းမီဒီယာဥပဒေတွင် ဖော်ပြထားသည်။

သတင်းမီဒီယာသမားများသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာတို့၏လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။ နိုင်ငံသားတိုင်းသိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်ရှိသည်။ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဆုံးရှုံးမှုဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ရေးသားခွင့်ရှိသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့်ဝင်ထွက်သွားလာခွင့်တို့ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၁၀ ရက်ကကျင်းပသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"မိမိတို့နိုင်ငံသည် ဒီမိုကရေစီကူးပြောင်းခါစ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံအချို့က လူ့အခွင့်အရေးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် မိမိတို့နိုင်ငံကိုအပြစ်ရှာပြောဆိုပြီး ၎င်းတို့လိုချင်သည့်ပုံစံပေါ်အောင် သွတ်သွင်းပုံဖော်ရန်ကြိုးပမ်းနေကြကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံနှင့်မကိုက်ညီသည့် ဒီမိုကရေစီစံနှုန်းများအပေါ် ရာနှုန်းပြည့်အခြေမပြုဘဲ နိုင်ငံ၏ ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက်တွေ့ကြုံခဲ့ရသည့် သမိုင်းပေးတာဝန်သင်ခန်းစာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်သာ အခြေခံစဉ်းစားပြီး မိမိတို့၏ ပန်းတိုင်ကို ရဲရဲဝံ့ဝံ့ဆက်လက်ချီတက်နေခြင်းဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးသည့်အုပ်စုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်ခြယ်လှယ်နိုင်ရန်အတွက် မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ် မွေးမြူလာသည့်နည်းကို အသုံးပြုလျက်ရှိကြသည်။ အဆိုပါမီဒီယာသမားများမှတစ်ဆင့် ပြည်သူများ၏ သဘောထားခံစားချက်များ၊ နစ်နာချက်များကိုပစ်ပယ်ပြီး ၎င်းတို့လိုလားသည့်ပုံစံများအတိုင်း ပုံဖော်သွတ်သွင်းထုတ်လွှင့်ဖော်ပြနေကြသည်။ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများကို မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင်ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အနှောင့်အယှက်ပြုလျက်ရှိသည်။ ကျင့်ဝတ်သိက္ခာမဲ့သည့် ပြည်ပသြဇာခံမီဒီယာသမားများသည် ခေတ်အမျိုးမျိုးက ဖြတ်သန်းလာခဲ့ရသည့် ပြည်သူလူထုကို သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများနှင့်မှိုင်းတိုက်ပြီး အတွေးအမြင်များမှားလာအောင်၊ အယူအဆများလွဲလာအောင် လုပ်ဆောင်နေကြသည်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီတည်ဆောက်ရေးလမ်းကြောင်းတွင် ဆူးငြောင့်ခလုတ်သဖွယ်ဖြစ်သည်။

ထို့ကြောင့် သတင်းမီဒီယာသမားများအနေဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို သမာသမတ်ကျကျ မျှမျှတတရေးသားဖော်ပြထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချခံလက်ကိုင်တုတ်မှအဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို ဦးထိပ်ထားပေးကြရန်၊ လွတ်လွတ်လပ်လပ်အမှီအခိုကင်းကင်း၊ အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုးသယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင်သွေးထိုးမှိုင်းတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရန် နိုင်ငံတော်အကြီးအကဲက အထက်ပါအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။ ထို့ကြောင့် သတင်းမီဒီယာကောင်စီဝင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူကောင်းကျိုး အောင်မြင်စွာသယ်ပိုးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။




# လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်

**လေးမျက်နှာ ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကြီးပေါက်ကုန်းကျေးရွာအုပ်စု ကြီးပေါက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ရွာတွင်းလမ်းအုတ်ပေါင်စီမြေရောကျောက် ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ဒီဇင်ဘာလ ၁၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မော်သန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြီးပေါက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၀၅၀၊ အကျယ် ၈ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်း အုတ်ပေါင်စီမြေရောကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကြီးပေါက်ကုန်းကျေးရွာတွင်း အုတ်ပေါင်စီမြေရောကျောက် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အတွက် ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ သန်းဖြင့် ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၂-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၁၂။ | ၁၃:၄၀ | ခရီးလည်းသွားစကားလည်းဆို |
| ၂။ | ၀၆:၀၃ | တရားတော် | ၁၃။ | ၁၄:၁၀ | ဇာတ်လမ်းတို |
| ၃။ | ၀၇:၂၀ | မေတ္တာပို့ | ၁၄။ | ၁၆:၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၅။ | ၁၆:၅၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၅။ | ၀၇:၄၅ | မျိုးချစ်တပ်မတော် | ၁၆။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၀၇:၅၀ | မြန်မာ့ရှုခင်း | ၁၇။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၇။ | ၀၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် | ၁၈။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၈။ | ၀၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၉။ | ၁၉:၀၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၉။ | ၁၀:၅၀ | သာယာသီကြွေး ခေတ်ဆန်းတေး | ၂၀။ | ၁၉:၂၀ | စိုက်ပျိုးသုတ |
| ၁၀။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး | ၂၁။ | ၁၉:၃၀ | **(၃၈)ဖြာမင်္ဂလာ မဇ္ဈိမပဋိပဒါ သံယမော** |
| ၁၁။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ | ၂၂။ | **ည ၈ နာရီ သတင်း အပြီး** | နိုင်ငံတကာသတင်း |
| | | | ၂၃။ | | တရားတော် |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဧရာဝတီတိုင်းဒေသကြီးသို့ ယခုနှစ် ၁၁ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၇ သိန်းကျော်ဝင်ရောက်



ပုသိမ် ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၇ သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လည်ပတ်သွားလာနိုင်စေရန် တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌ ခရီးစဉ်သစ်များ ဖော်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၌လည်း ငွေဆောင်ကမ်းခြေနှင့်ဆက်စပ်၍ သွားလာနိုင်မည့် ခရီးစဉ်ခုနစ်ခု၊ ချောင်းသာကမ်းခြေနှင့်ဆက်စပ်၍ သွားလာနိုင်မည့် ခရီးစဉ်ငါးခုနှင့် ဂေါ်ရင်ဂျီကျွန်းခရီးစဉ်မှ တစ်ဆင့် သွားလာနိုင်မည့်ခရီးစဉ်လေးခုတို့ကို ဖော်ဆောင်ထားသည့်အပြင် နောက်ထပ် ခရီးစဉ်သစ်လေးခုကိုလည်း တိုးချဲ့ဖော်ဆောင်ထားသည်။

"ဧရာဝတီတိုင်းဒေသကြီးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလကနေ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ပြည်ပခရီးသွားဧည့်သည် ၁၆၀၀၀ ကျော်အပါအဝင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၇ သိန်းကျော် ဝင်ရောက်ခဲ့ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦးကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၌ နှစ်စဉ် သီတင်းကျွတ်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်များမှစ၍ ပွင့်လင်းရာသီများတွင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည် အများအပြားဝင်ရောက်လေ့ရှိပြီး ၂၀၂၃ ခုနှစ် တစ်နှစ်အတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၁၆ သိန်းကျော် ဝင်ရောက်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များသည် ငွေဆောင်ကမ်းခြေခရီးစဉ်နှင့် ချောင်းသာကမ်းခြေခရီးစဉ်တို့ကို အများဆုံးသွားရောက်လည်ပတ်ကြပြီး ယခုကဲ့သို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များပူးပေါင်း၍ ကမ်းခြေသာယာလှပရေး၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးနှင့် ခရီးသွားများလုံခြုံစိတ်ချမှုရှိစေရေးတို့အတွက် လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာ ၇၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှထွက်ရှိသော ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့လျက်ရှိရာ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာ ၇၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်ဝင်း၏ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ကင်းမွန်ပိဿာ ၅၀၀၀၀ ခန့်တင်ပို့ရောင်းချခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ကင်းမွန်ပိဿာ ၇၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"အခုက ဒေသတွင်းမှာ ကင်းမွန်တွေအဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ နိုဝင်ဘာလမှာ အောက်တိုဘာလကထက် ကင်းမွန်ပိဿာ ၂၇၀၀၀ ကျော် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ကုန်များများ တင်ပို့ရောင်းချအားရှိခဲ့ပေမယ့် ကင်းမွန်ဈေးနှုန်းကတော့ အရင်အတိုင်းပါပဲ" ဟု ဒေါ်တင်တင်ဝင်းကပြောသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ပင်လယ်ပြင်မှဖမ်းယူရရှိသည့် ကင်းမွန်များကို စနစ်တကျစစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ အဆိုပါကင်းမွန်များကို ရန်ကုန်မြို့မှတစ်ဆင့် တခြားဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိကင်းမွန်များ တင်ပို့အားကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရကြောင်း သိရသည်။

**သုတကျော်**

# ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးစည်သူမောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူခိုင်တို့က အမှာစကားများပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်နှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်သန်းသန်းဝင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြပြီး အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် တာမွေမြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက ခန်းမအတွင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ ရသစာအုပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဝန်းရံခဲ**

ကာတွန်း



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ကဲ. . . ထိုင်ခုံမဲ့ခရီးသည်များ ဆင်းနိုင်ကြပါပြီ"

"ထိုင်ခုံမရလည်း သူတို့အဆင်ပြေသလို လုပ်ပေးကြပါလိမ့်မယ်"ဟု တွေးရင်း ဂိတ်စောင့်အသံအဆုံးတွင် ကျွန်တော့်မှာ ဝေဒနာကိုဖြေသိမ့်ရင်း မလိခသင်္ဘောပေါ်သို့ ဆင်းလိုက်သည်။

"အမျိုးသမီးများ သင်္ဘောဝမ်းဗိုက်တွင်းသို့ ဆင်းကြပါ။ အမျိုးသားများကတော့ သင်္ဘောခေါင်မိုးပေါ်မှာ အဆင်ပြေသလို ကြည့်နေကြပါ"

"ဟင်"

ကျွန်တော့်ရင်ဘတ်ကြီး ပိုပြီးမြင့်တက်သွားပြန်သည်။ နံနက်ဝေလီဝေလင်းကပင် ရောက်လာသည့်ခရီးသည်ကို ထိုင်ခုံလေးတစ်ခုံတောင် ပေးမရောင်းသည့်အပြင် နေရိပ်မှာတောင် နေခွင့်မရဘဲ သံပြားပေါ်မှာ ထိုင် နေပူခံအခြောက်လှန်းပြီးလိုက်ပါရမည်ဆိုပါလား။ အခြေအနေအဖြစ်အပျက်က ကျွန်တော်၏ ခံစားချက်နှလုံးအိမ်အား ပြင်းစွာကိုင်လှုပ်နေပေပြီ။ အမျိုးသားများမှာ သင်္ဘောခေါင်မိုးဦးပိုင်းသို့ လျှောက်သူလျှောက်၊ သင်္ဘောပဲ့ပိုင်းသို့ သွားသူသွား ရွေ့လျားနေကြပေပြီ။ ကျွန်တော့်မှာ သင်္ဘောဦးပိုင်း ကျောက်ဆူးကြိုးပုံအနီးတွင် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်၏။

နံနက် ၈ နာရီတိတိတွင် မလိခအမြန်ယာဉ်သည် တောင်ကုတ်မြို့ဆိပ်ကမ်းမှ ထွက်ခွာခဲ့လေပြီ။ မာန်အောင်ရေလက်ကြားကို ဖြတ်ကျော်ပြီး ရမ်းဗြဲကျွန်းသို့ ဦးတည်မောင်းနှင်နေပေသည်။ ပင်လယ်ပြင်ခရီးမို့ လေတိုက်ခတ်နှုန်းနှင့် အမြန်ယာဉ်သင်္ဘောအသွားနှုန်းတို့ကြောင့် အကာအရံမဲ့လိုက်ပါလာသော ကျွန်တော်တို့တစ်တွေမှာ နားရွက်များပြုတ်ထွက်သွားမလားအောက်မေ့ရသည်။ နေကလည်းပူလိုက်သည်မှာ ပြောစရာမရှိ။ ဗြိတ္တာကုန် မေအကူးကာလပဲလေ။

သင်္ဘောခေါင်မိုးပေါ်က ခရီးသည်များ ကပ်စရာခိုစရာ နေရာရှာကြသည်။ မည်သို့မျှမရ။ ကျွန်တော့်မှာ တဘက်ကြီးတစ်ထည်ကို အိတ်ထဲမှဆွဲထုတ်ပြီး တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်၏။ အစတော့ နေသာသလိုရှိသည်။ တဖြည်းဖြည်း မွန်းကျပ်ပူလောင်လာသည်။ အသက်ရှူမဝဖြစ်လာ၏။ တခြားခေါင်မိုးပေါ်စီးခရီးသည်များမှာလည်း မိမိခန္ဓာကိုယ်ကို တဘက်ဖြင့်ပတ်သူပတ်၊ ပုဆိုးဖြင့် ရစ်သူရစ် ရာသီပြင်းဒဏ်ကို ဖြစ်သလိုကာကွယ်ပြီး သက်သာမှုလေးရှာကြ၏။

နံနက် ၁၁ နာရီခန့်တွင် နေက ပိုမိုပြင်းရှလာသည်။ ရှင်နေမင်းကလည်း ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံ။ ကျွန်တော်၏ခန္ဓာကိုယ်ကို သံပြားပေါ်တင်ပြီး ရှားမီးဖြင့်ဟပ်သလို နှိပ်စက်နေပေပြီ။ မလိခအမြန်ယာဉ်စီးခ ၅၁၀၀ိ/-တန်အောင် ကျောကော့ခံရုံမှတစ်ပါး တခြားမရှိပြီ။ လူမှုဘဝနယ်ပယ်ထဲတွင် ဤသို့ အဆင်မပြေမှုများကြောင့်ပင် ပဋိပက္ခအသွင်သို့ ကူးပြောင်းတတ်ကြောင်းကိုလည်း ခံစားချက်အသိရင်၌ လာထိသည်။ မွန်းတည့်လာသည်နှင့်အမျှ ကျွန်တော့်တစ်ကိုယ်လုံး နုံးချည့်လာခဲ့သည်။ နွေရာသီနဲ့ လိုက်လျောညီထွေဝတ်လာခဲ့သော အင်္ကျီလက်ပြတ်ကြောင့် နေထိအသားအရေမှာ နာကျင်စပ်ရှိန်းလာသည်။ မလိခအမြန်ယာဉ်သင်္ဘောမှာကား လေထုရေထုကို ထိုးဖောက်ကာ တဝေါဝေါပြေးလျက် နတ်မြင်းပျံသို့ မြူးကြွားကြွားဆိုသလိုပေတည်း။

အမြန်ယာဉ်သည် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ကျောက်ဖြူမြို့ လေပွေ့ဆိပ်ကမ်း၌ ထိုးကပ်လိုက်သည်။ ကျွန်တော့်မှာ မိမိပစ္စည်းလေးများကိုဆွဲပြီး ဆိပ်ခံတံတားပေါ်သို့ တက်လိုက်၏။ ဆိုက်ကားသမားတစ်ယောက်က အထုပ်ကိုလှမ်းဆွဲရာ အလိုက်သင့်ပင် ပေးလိုက်သည်။ ဆိုက်ကားဆရာသည် စေတီတောင်ရပ်ကွက်မှ ကွေ့ပတ်နင်းလာခဲ့သည်။ စေတီတောင်ရပ်ကွက်မှာ ကျွန်တော်ကျောင်းနေခဲ့စဉ်က လူနေအိမ်ခြေဟူ၍မရှိသေး။ မြက်တောကွင်းပြင် ရေမြောင်းကြီးအတိသာဖြစ်သည်။ ယခု လူနေအိမ်ခြေ တိုက်တာအဆောက်အအုံ ကတ္တရာခင်းလမ်းတို့ဖြင့် စည်ကားနေသည်ကို တွေ့ရပေသည်။

**"ရွာလေးမှာ ကျွန်တော် ခွဲခွာလာပြီးနောက် နှစ်ပေါင်း ၃၀ ကျော်အတွင်း များစွာပြောင်းလဲနေပေ၏။ အိမ်တချို့မှာ သွပ်ပြားမိုးပြီး ရွာ၏တိုးတက်မှုကို ဖော်ဆောင်နေကြ၏။ ရွာလယ်ဈေးတန်းကလည်း စည်ကားသလိုမျိုးဖြစ်နေသည်။ ရွာလယ်ကောင်တွင် ဗီဒီယိုရုံကနှစ်ရုံ။ နေထက်လင်း၊ စုလှိုင်နှင်း စသည်ဖြင့် ဗီဒီယိုမင်းသား၊ မင်းသမီးပုံများကို ချိတ်ဆွဲထားသည်။ အထူးခြားဆုံးက ဘုန်းတော်ကြီးကျောင်းပင်ဖြစ်သည်။ ထည်ထည်ဝါဝါ ပြန်လည်ပြုပြင်ထား၍ အဝေးကပင် လှမ်းမြင်နေရသည်. . . "**

အဖေနဲ့တွေ့လိုသည့်ဆန္ဒက သိပ်မြင့်မားနေပေရာ ဆိုက်ကားဆရာကို မြစ်ကမ်းနားမော်တော်ဆိပ်ဘက်သို့ တစ်ဆက်တည်း နင်းခိုင်းလိုက်သည်။ မြစ်ဆိပ်ဘက်တွင် အဖေ့ရွာသို့ထွက်မည့် စက်လှေလေးကို အဆင်သင့်ပင်တွေ့လိုက်ရသည်။ ထွက်ခွာနီးဆဲဆဲဖြစ်သော စက်လှေပေါ်သို့ ကမန်းကတန်း ပြေးဆင်းလိုက်၏။ စက်လှေလေးမှာ ၇ လံမျှသာရှိပြီး ဓနိမိုးလေးဖြင့် သပ်သပ်ရပ်ရပ်လုပ်ထား၏။ ကမ်းရိုးတန်းသွား မလိခအဆင့်မြင့်အမြန်ယာဉ်၏ နှိပ်စက်သမျှကို ကျောကော့အောင်ခံခဲ့ရသော ကျွန်တော့်မှာ စက်လှေလေး၏ ဓနိမိုးအရိပ်အောက်တွင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိလှသည်။

စက်လှေပိုင်ရှင် လူငယ်နှစ်ဦးမှာ အောင်လှနှင့် ဘသိန်းဟန်တို့ပင်ဖြစ်ကြသည်။ ဤကလေးနှစ်ဦးမှာ ၁၉၆၇-၁၉၆၈ ပညာသင်နှစ်က ငပသုန်ရွာတွင် အစိုးရကျောင်းဆရာနှင့်တွဲဖက်ပြီး ကျွန်တော်စာသင်စာပြပေးခဲ့သော ငယ်တပည့်များပင်ဖြစ်ကြသည်။ စက်လှေရှင် တပည့်လေးနှစ်ဦးမှာ ကျွန်တော့်ဆီက စက်လှေခမယူသည့်အပြင် ရှိခိုးကန်တော့ခဲ့ကြသည်။ ကမ်းရိုးတန်းသွား မလိခအမြန်ယာဉ်၏ အပြုအမူမှာ တပည့်လေး၏လုပ်ရပ်နှင့်ကွာလှပါဘိ။ ဆရာတပည့်ဆိုသောအသိက ဗြဟ္မစိုရ်တရားဆိုသော လူ့ကျင့်ဝတ်လမ်းကြောင်းပေါ်သို့ ရောက်စေခဲ့လေပြီတကား။

စက်လှေလေးမှာ ကျောက်ဖြူမြစ်ကို ကန့်လန့်ဖြတ်ပြီး တံခါးရိုးတောင်တန်းကို ကပ်မောင်းလိုက်သည်။ တစ်နာရီခန့်အကြာတွင် တောင်တန်းကြီးကို နောက်ချန်ပြီး နောင်တော်ပင်လယ်ထဲသို့ တိုးဝင်လိုက်သည်။ နောင်တော်ပင်လယ်မှာ ရခိုင်ကမ်းရိုးတန်း၏ နာမည်ကြီးရေတံခါးဝဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဖြတ်သွားရာတွင် မလွဲမသွေဖြတ်ကျော်ရသော ပင်လယ်ပြင်ဖြစ်သည်။ လှိုင်းကြီးသဖြင့် နောင်တော်မြစ်ကိုရောက်လျှင် ဘုရားတကြရသည်။ ရန်းကန်ရမှု ဘဝအလင်းတံခါးကိုပြန်ဖွင့်ကြည့်လျှင် ကျွန်တော်သည် ကျောင်းတော်မြေမှ အရှုံးလက္ခဏာပြသင်္ကေတနှင့် ထွက်ခွာလာပြီးနောက် သည်နောင်တော်ပင်လယ်၌ ကျွန်တော်ပိုက်ချပြီးငါးဖမ်း၏။ မျှားတန်းချပြီး ငါးဖမ်းခဲ့ဖူးပါ၏။ ပစ္စုပ္ပန်မြင်ကွင်းကြောင့် အတိတ်ဇာတ်ဝင်ခန်းသည် ကျွန်တော့်ရင်ကိုလာထိရာ ကြေကြေကွဲကွဲခံစားသွားရသည်။ မြစ်လယ်သို့အရောက်တွင် မြောက်လေကြမ်းက အလိုက်မသိတတ်စွာ မြှောက်ပင့်ပေးလာရာ စက်လှေလေးမှာ လှိုင်းသရမ်းများနှင့် စီးချင်းထိုးနေရသည်။ လှိုင်းလုံးကြီးများ ထိုးစစ်ဆင်လာမှုကြောင့် ခန္ဓာကိုယ်လှုပ်ခါနေရုံမျှမက အစာအိမ်ကပါ လှုပ်ခါလာပေရာ ခုမှ နံနက်စာဘာမျှမစားရသေးမှန်း ကျွန်တော်သတိထားမိလိုက်သည်။

စက်လှေလေးက ငယ်ပေမယ့်မခေ။ လှိုင်းသရမ်းများ ကြမ်းသော်လည်း အဖမ်းမခံ။ အခုန်အအုပ် အကွက်မျိုးစုံဖြင့် ရှောင်ရှားရင်း နောင်တော်ပင်လယ်ရေပြင်ထဲ ထိုးဖောက်ပြေးနေသည်။ တဖြည်းဖြည်းနှင့် လှပသည့်သဲဖြူကမ်းနှင့် စိမ်းညို့သည့် အုန်းပင်တန်းတို့ကို လှမ်းမြင်လာရသည်။ ညနေစောင်းအချိန်လောက်တွင် မြေပုံမြို့နယ်ထဲက အဖေ့ရွာငပသုန်သို့ ရောက်ခဲ့ပါလေပြီ။ စက်လှေလေးကို ငွေသာတောင်တန်းလှေဆိပ်တွင် ထိုးကပ်လိုက်တော့သည်။ ကျွန်တော့်မှာ စက်လှေပေါ်မှ သဲသောင်ပြင်သို့ ခပ်သော့သော့ဆင်းလိုက်၏။ စိမ်းဖန့်ဖန့်အုန်းပင်တန်းများကြားက ရွာထဲသို့ တိုးဝင်လိုက်သည်။ တွေ့သမျှ မြင်သမျှလူများကို ကျွန်တော့်မှာ ပြုံးရယ်ပြသည်။ ရွာသားများက ကျွန်တော့်ကို သိပ်မှတ်မိပုံမရကြ။ ကျွန်တော့်အပြုံးများကြောင့်သာ ဝေဝေဝါးဝါး ပြန်ပြုံးပြကြ၏။ ကျွန်တော့်မှာ သူတို့ကိုရှင်းပြနေဖို့ အချိန်မပေးနိုင်။ အဖေ့ကိုတွေ့ပြီးမှ ရွာရိုးကိုးပေါက်လျှောက်ပြီး ဇာတ်စုံခင်းတော့မည်ဟု နှလုံးပိုက်ထားလိုက်သည်။

ရွာလေးမှာ ကျွန်တော် ခွဲခွာလာပြီးနောက် နှစ်ပေါင်း ၃၀ ကျော်အတွင်း များစွာပြောင်းလဲနေပေ၏။ အိမ်လေးတချို့မှာ သွပ်ပြားမိုးပြီး ရွာ၏တိုးတက်မှုကို ဖော်ဆောင်နေကြ၏။ ရွာလယ်ဈေးတန်းကလည်း စည်ကားသလိုမျိုးဖြစ်နေသည်။ ရွာလယ်ကောင်တွင် ဗီဒီယိုရုံက နှစ်ရုံ။ နေထက်လင်း၊ စုလှိုင်နှင်း စသည်ဖြင့် ဗီဒီယိုမင်းသား၊ မင်းသမီးပုံများကို ချိတ်ဆွဲထားသည်။ အထူးခြားဆုံးက ဘုန်းတော်ကြီးကျောင်းပင်ဖြစ်သည်။ ထည်ထည်ဝါဝါ ပြန်လည်ပြုပြင်ထား၍ အဝေးကပင် လှမ်းမြင်နေရသည်။ စာသင်ကျောင်းမှာလည်း ယခင်လို ဥပုသ်ဇရပ်မဟုတ်တော့ဘဲ တောင်ပေါက်ဆိပ်ဘက် တောင်ခြေကိုကျောမှီပြီး ရွာဘက်သို့ မျက်နှာမူထားသည်။ ကျောင်းရှေ့က ကွင်းပြင်လေးနဲ့ သဘာဝကျလှသည်။

ဝမ်းသာမှုတစ်ဝက်၊ စိုးရိမ်မှုတစ်ဝက်နှင့် ကျောင်းတက်လမ်းရှိ အဖေ့အိမ်ခြံဝင်းလေးထဲ ကျွန်တော်လှမ်းဝင်လိုက်သည်။ ထူးခြားသည်မှာ ခြံဝင်းထဲမှာရော၊ အိမ်ပေါ်မှာရော လှုပ်လှုပ်ရှားရှားမရှိသည့်အပြင် လူသံသူသံများလည်း တစ်စုံတစ်ရာမကြားရပေ။ အုန်းပင်၊ ကွမ်းသီးပင်များပေါ်က ကျီးအာသံများကိုပဲ ကြားနေရသည်။

"ညီမလေးရေ"

ကျွန်တော် အသံမြှင့်ပြီး ခေါ်ကြည့်လိုက်သည်။ အိမ်ပေါ်တွင် သုတ်ခနဲလှမ်းမြင်လို့ ကျွန်တော်အသေအချာ ကြည့်လိုက်သည်။ ကျွန်တော့်ညီမလေး မလှသိန်းပေတည်း။ **ဆက်လက်ဖော်ပြပါမည်။**

## ဝန်းကျင်သာယာလှပဖို့ သစ်တောသစ်ပင် ထိန်းသိမ်းစို့ အသိပညာပေးဆွေးနွေး

ကန့်ဘလူ ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ဝန်းကျင်သာယာလှပဖို့ သစ်တောသစ်ပင်ထိန်းသိမ်းစို့ အသိပညာပေး(Talk Show)ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သစ်တောသစ်ပင်များ၏အရေးပါပုံနှင့် အကျိုးကျေးဇူးများ၊ ကမ္ဘာ့သစ်ပင်နေ့ဖြစ်ပေါ်လာပုံအကြောင်းများ စသည့်သိလိုသည်များမေးမြန်းရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်နွယ်ဦးက သစ်တောသစ်ပင်များသည် လူသားများအသက်ရှင်ရပ်တည်ရေးအတွက် အဓိကနေရာတွင်ပါဝင်ကြောင်း၊ သစ်တောနှင့်သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုးဆိုသည့် ဆောင်ပုဒ်အတိုင်း ရေးမြန်မာတို့စိုက်ပျိုးသည့် သစ်တောသစ်ပင်များကို နေရာအနှံ့အပြားတွင် စိမ်းလန်းစိုပြည်စွာ တွေ့မြင်ရကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောသစ်ပင်များ လျော့နည်းလာရခြင်း အကြောင်းရင်းများနှင့်ဆိုးကျိုးများ၊ နှစ်စဉ် ဇွန်လ ၂၇ ရက်ကို ကမ္ဘာ့သစ်ပင်များနေ့ သတ်မှတ်ခဲ့ကြောင်း၊ သစ်ပင်များကြောင့် ကောင်းကျိုးများခံစားနိုင်သကဲ့သို့ နောင်လာနောက်သားများအတွက် ကောင်းကျိုးချမ်းသာများကို လက်ဆင့်ကမ်းပေးနိုင်ကြရန် သစ်ပင်စိုက်ကြပါစို့ဟု တိုက်တွန်းဆွေးနွေးကာ ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကြည့်ရှုလေ့လာ



နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လာရောက်လေ့လာကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပင်မအဆောက်အအုံရှိAuditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး "(၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ပြသမှုအားကြည့်ရှုကြသည်။

ထို့နောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်ပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ဝမ်းမြောက်စကားပြောကြားကာ ဝန်ထမ်းများက " MRTV နှင့်ကောင်းသောနေ့" တေးသီချင်းဖြင့် ဆက်လက်၍ ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room၊ MRTV HD Channel Studio၊ အရန် Studio၊ သတင်းနှင့်အစီအစဉ်ထုတ်လွှင့်ခန်းများ၊ Radio Studio နှင့် MRTV News Channel Studio တို့တွင် သတင်းထုတ်လုပ်မှုနှင့် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေးဆောင်ရွက်မှုများအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင်အသုံးပြုခဲ့သည့်ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀တွင် ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့အား MRTV အမှတ်တရလက်ဆောင်များပေးအပ်ပြီး လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ (သတင်းစဉ်)

## (၁၁.၁၂.၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၃၈၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မိုးနဲမြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

မိုးနဲ ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် နားလင့်အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်းကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ နားလင့်အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသိန်းထိုက်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းကိုကျင်းပရာ Grade-6 မှ နန်းမိုလင်းက လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-6 မှ နန်းစံလိုင်းက လူငယ်နှင့်စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -7မှ နန်းဆိုင်ပူးက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 မှ နန်းခမ်းဖောင်က လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-6 မှ နန်းခမ်းက လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့်အကြောင်းအရာများကို ခေါင်းစဉ်အလိုက်မေးမြန်းရာ ခေါင်းစဉ်အလိုက် ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြို စာအုပ်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)



## မြိတ်မြို့နယ်တွင် မိုးစပါး ၂၂၆၄၈ ဧကခန့် ရိတ်သိမ်းပြီးစီး



မြိတ် ဒီဇင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ မိုးစပါးစိုက်ခင်းများကို နိုဝင်ဘာလဒုတိယပတ်မှစတင်ရိတ်သိမ်းရာ ယခုလက်ရှိတွင် မိုးစပါး ၂၂၆၄၈ ဧကခန့် ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ပျမ်းမျှ ၇၆ ဒသမ ၆၂ တင်းထွက်ရှိကြောင်း သိရသည်။

မြိတ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၄၁၂၆၀ အထိ စိုက်ပျိုးနိုင်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ဒေသခံတောင်သူများအား တစ်ဧကစပါးအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်မှုရှိစေရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှုကင်းရှင်းစေရေးနှင့် စပါးမျိုးကောင်းမျိုးသန့်များကိုလည်း ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးခြင်းများကိုလည်း ကူညီဆောင်ရွက်ပေးကြောင်းသိရသည်။ (၄၁၂)

# တိုင်းဒေသကြီး / ပြည်နယ်အားလုံး အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် ခွင့်ပြုဘဏ္ဍာငွေအပေါ်မူတည်၍ လုပ်ငန်းဆပ်ကော်မတီများနှင့်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများကကြိုးစားအားထုတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံး အကြားအလပ်မရှိအချိုး




ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ လုပ်ငန်းဆပ်ကော်မတီခုနစ်ခုတို့မှ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီများမှ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက အွန်လိုင်းမှ တစ်ဆင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုညီမျှတစွာဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းလျာထားရန်ပုံငွေများဖြင့် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို စိစစ်အတည်ပြုမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက လက်ရှိဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လျာထားလုပ်ငန်းများ၊ ရန်ပုံငွေတိုးမြှင့်လျာထားရသည့်အကြောင်းရင်းများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (ဒဝဂ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇°C | / | ၃၁°C |
| ရန်ကုန် | ၂၀°C | / | ၃၄°C |
| မန္တလေး | ၁၇°C | / | ၃၀°C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


# ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့ မန္တလေးမြို့သို့ရောက်ရှိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်



နေပြည်တော် ဒီဇင်ဘာ ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ်အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာတက္ကသိုလ်ရှိ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ဂဏဝါစကပဓိပတိ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့်သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓဘာသာပြန့်ပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာပြီး ကုသိုလ်တော်ဘုရား၊ မဟာလောကမာရဇိန်ကျောက်တော်ကြီးဘုရားနှင့် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်စေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့အား Mingalar Mandalay Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁



အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့်စက်မှုဇုန်အသီးသီးမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်-၈၇ ကိုလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အာဏာတည်ပြီးနောက် ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အချိန်ထိ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၃၃ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၈ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းတစ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ကိုးဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း ၃၀၅၄ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်းနှင့် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းနိုင်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင်ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး Online ဖြင့် တက်ရောက်လာကြသော ခုံသမာဓိကောင်စီအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံနေရသည့်လုပ်ငန်းဆိုင်ရာ အခက်အခဲများဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများမှ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွလက်တွဲကျော်ဖြတ်ရင်း နိုင်ငံကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားခဲ့ကြောင်း သိရသည်။ (ဒဝဂ)

# ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့် ဇီးရိုး(Globalization 3.0)

စောနိုင်(အသုံးချဘောဂဗေဒ)

ကျမ်းရိုးဘောဂဗေဒဖခင်ကြီး အဒမ်စမစ်၏ခေတ်ကာလများကတည်းက စီးပွားရေးလွတ်လပ်ခွင့်နှင့်နိုင်ငံရေးလွတ်လပ်မှုတို့သည် တူညီသောဒင်္ဂါးပြားတစ်ခု၏ မျက်နှာပြင်နှစ်ဖက်ဖြစ်သည်ဟု ယုံကြည်ခဲ့ကြ၏။၂၀ ရာစုကုန်ခါနီးတွင် အယူအဆများပြောင်းလဲသွားသည်။ ၁၉၉၀ ပြည့်နှစ်အလွန် ဆိုရှယ်လစ်နိုင်ငံတော်ကြီး ဆိုဗီယက်ပြည်ထောင်စုပြိုလဲသွားခဲ့ချိန်တွင် မျှော်လင့်ချက်သစ်များရှိလာသည်။ ကမ္ဘာအနှံ့ပေါင်းစည်းခြင်းဖြစ်စဉ်ဟု အမည်တပ်ထားသည့် ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) သည် ကမ္ဘာပေါ်ရှိ လူသားတို့ကို အတူတကွပေါင်းစည်းပေးနိုင်လိမ့်မည်ဟူ၍။

ပညာရှင်များက လက်ရှိ ၂၁ ရာစုအစ ဆယ်စုနှစ်များကို ဂလိုဘယ်လိုက်ဇေးရှင်းသရီးပွိုင့်ဇီးရိုး(Globalization 3.0 ) အချိန်အခါဟု ယူဆသတ်မှတ်ကြသည်။ သမိုင်းကြောင်းကိုပြန်ကြည့်သောအခါ အယူအဆအမျိုးမျိုး၊ သုံးသပ်ချက်အမျိုးမျိုးဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းတို့ကိုတွေ့ရ၏။

ကျွမ်းကျင်သူ စာရေးဆရာ သောမတ်စ်ဖရီးမန်း (Thomas Friedman)က ဂလိုဘယ်လိုက်ဇေးရှင်း ပြောင်းလဲမှုကို ပထမဖြစ်စဉ်၊ ဒုတိယဖြစ်စဉ် စသဖြင့်ခွဲခြားလေ့လာသည်။ ဂလိုဘယ်လိုက်ဇေးရှင်း ပထမဖြစ်စဉ်ကို ဂလိုဘယ်လိုက်ဇေးရှင်း ဝမ်းပွိုင့်ဇီးရိုး (Globalization 1.0)ဟု အမည်ပေးသည်။ ၁၇၄၂ ခုနှစ်ဝန်းကျင်မှ ၁၈၀၀ ပြည့်နှစ်များအထိ ကြာမြင့်ခဲ့၏။ သယ်ယူပို့ဆောင်ရေးနည်းပညာများ၊ ပထဝီဆိုင်ရာတတ်သိနားလည်မှုများဖြင့် ကုန်သွယ်ရေးလမ်းကြောင်းကို အရှိန်မြှင့်တင်လျက် ကမ္ဘာကြီးကို ကျုံ့ပစ်လိုက်သည်ဟုဆိုသည်။ ဂလိုဘယ်လိုက်ဇေးရှင်း ဝမ်းပွိုင့်ဇီးရိုးကို အဓိကမောင်းနှင်သူများမှာ နယ်ပယ်ချဲ့ထွက်နိုင်ရေး၊ သယံဇာတများ လက်ဝါးကြီးအုပ်ရရှိနိုင်ရေးနှင့် ဩဇာအာဏာလွှမ်းမိုးနိုင်ရန် ကမ္ဘာပတ်၍ ကြိုးစားခဲ့သည့်နိုင်ငံများဖြစ်သည်။

ဂလိုဘယ်လိုက်ဇေးရှင်းတူးပွိုင့်ဇီးရိုး ( Globalization 2.0 ) ဟုခေါ်သည့် ဂလိုဘယ်လိုက်ဇေးရှင်း ဒုတိယဖြစ်စဉ်သည် ၁၉၉၀ ပြည့်နှစ်များကစခဲ့ပြီး ၂၁ ရာစုအလှည့်အပြောင်းကာလဝန်းကျင်တွင် အဆုံးသတ်သွားခဲ့ပြန်သည်။ ဂလိုဘယ်လိုက်ဇေးရှင်း တူးပွိုင့်ဇီးရိုးကို သယံဇာတ၊ လုပ်သားနှင့် ဈေးကွက်များရရှိရေးအတွက် ကမ္ဘာအနှံ့ဖြန့်ကြက်ကြိုးစားနေသည့် စီးပွားရေးလုပ်ငန်းကြီးများက ဦးဆောင်သွားခဲ့ကြောင်း လေ့လာသူများထောက်ပြသည်။

ယခုလက်ရှိအခြေအနေသည် ဂလိုဘယ်လိုက်ဇေးရှင်း တတိယဖြစ်စဉ် တစ်နည်းအားဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုး (Globalization 3.0 ) ဖြစ်သည်။ သစ်လွင်ထူးခြားလျက် အမှန်တကယ်စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ လုပ်ငန်းတစ်ခုချင်း၊ လူတစ်ဦးချင်းနှင့် ပို၍သက်ဆိုင်လာသည်။ လူတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်း ကြီးငယ်မဟူတန်းတူယှဉ်ပြိုင်နိုင်စွမ်းဖြစ်လာစေသည်။ တစ်ဦးချင်းယှဉ်ပြိုင်မှု၊ တစ်ဦးနှင့်တစ်ဦးကြား ဆက်သွယ်ဆောင်ရွက်မှုနှင့် ပေါင်းစည်းလုပ်ဆောင်မှုများရှိလာသည်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွင်ပါဝင်ရန် လူတစ်ဦးချင်းစီအတွက် တူညီသောအခွင့်အလမ်းကိုဖြစ်စေသည်ဟု ယူဆသည်။ ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုး မည်မျှအားကောင်းသနည်းဟုဆိုလျှင် ကမ္ဘာကြီးကို ကျုံ့သွားရုံသာမက ပြားပြင်သွားစေသည်ဟု တင်စားရသည့်အခြေအနေအထိဖြစ်လာခဲ့သည်။

သောမတ်စ်ဖရီးမန်းအဆိုအရ ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုး၏မောင်းနှင်အားမှာ မြင်းကောင်ရေစက်စွမ်းအား (Horsepower) မဟုတ်၊ ဟာ့ဒ်ပါဝါ (Hard power ) မဟုတ်၊ ဆော့ဒ်ဝဲ(Software) ဖြစ်သည်ဟုဆိုထားသည်။ အိန္ဒိယစီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ အာဗန်ဆူဘာရာ မာနီယမ်(Arvind Subramanian)က ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုးကို ဟိုက်ပါဂလိုဘယ်လိုက်ဇေးရှင်း (Hyperglo–balization) ဟု အမည်တပ်သည်။ လှိုင်းလုံးများအဖြစ် ရှုမြင်သူများကမူ ဂလိုဘယ်လိုက်ဇေးရှင်း ဝမ်းပွိုင့်ဇီးရိုးနှင့် ဂလိုဘယ်လိုက်ဇေးရှင်း တူးပွိုင့်ဇီးရိုးတို့ကို ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းအဟောင်းဟု ခေါ်၍ ယခုကြုံတွေ့နေရသည့် ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုးကို ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းသစ်ဟု အမည်ပေးသည်။

> **▪ ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုး မည်မျှအားကောင်းသနည်းဟုဆိုလျှင် ကမ္ဘာကြီးကိုကျုံ့သွားရုံသာမက ပြားပြင်သွားစေသည်ဟုတင်စားရသည့် အခြေအနေအထိဖြစ်လာ . . .**
>
> **▪ ရှုထောင့်အမျိုးမျိုးမှ မည်သို့ပင်သုံးသပ်နေစေကာမူ ယခုလက်ရှိအခြေအနေ ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုးသည်လည်း ကမ္ဘာ့လူသားများအတွက် အကောင်းအဆိုးများကို ရောပြွမ်းသယ်ဆောင်လာလျက်ရှိ . . .**

ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုးဖြစ်စဉ်ထဲတွင် တရုတ်နိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင် ပိုမိုပွင့်လင်းမှုများဖြစ်ပေါ်လျက် ကြီးမားသောတိုးတက်မှုများ ဖြစ်လာခဲ့သည်။ အိန္ဒိယနိုင်ငံသည်လည်း အပြောင်းအလဲများရှိခဲ့သည်။ စီးပွားရေးအရ ပြည်တွင်းဖူလုံမှုကိုသာ အာရုံစိုက်မှု၊ အထီးကျန်ဆန်နေမှုများကို စွန့်လွှတ်နိုင်ခဲ့သည်။ ပြိုကွဲသွားခဲ့သော ဆိုဗီယက်ပြည်ထောင်စုဟောင်းတွင် ပါဝင်ခဲ့သည့် နိုင်ငံအများအပြားသည် ယခင်က အဆက်အဆံနည်းခဲ့သော ပြင်ပကမ္ဘာနှင့်ထိတွေ့ဆက်ဆံနိုင်ရေး ပိုမိုစိတ်အားထက်သန်လာခဲ့ကြသည်ကိုတွေ့ရသည်။

၁၉၉၀ ပြည့်နှစ်က ရုရှား၌ ပထမဆုံးသော မက်ဒေါ်နယ်လ်(McDonald)ဆိုင်ခွဲကို ဖွင့်လှစ်နိုင်သည့်အချိန်ကတည်းက ဈေးကွက်များသည် ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသောနိုင်ငံများ၊ လူသားများအတူတကွ လှုပ်ရှားကျင်လည်နိုင်ရေးပေါင်းစည်းပေးနေပြီဖြစ်ကြောင်းဖော်ပြနေခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာအလွန်အမင်းဆင်းရဲမှုအခြေအနေများလည်း သိသိသာသာ လျော့နည်းကျဆင်းလာခဲ့သည်။

နိုင်ငံရေးအယူအဆများလှိုင်းများတွင် လစ်ဘရယ်ဒီမိုကရေစီ(Liberal democracy) ကျင့်သုံးသည့် အရေအတွက် နောက်ဆုတ်လျော့ကျလာသည်။ ကျဉ်းမြောင်းသောအယူအဆရှိသည့် အီလစ်ဘရယ်နိုင်ငံရေးစနစ်များ (Illiberal political systems) အောက်တွင်နေထိုင်သော ကမ္ဘာ့လူဦးရေမြင့်တက်လာသည်။ အော်တိုကရေစီ( Autocracy)နိုင်ငံများသည် ယခင်ကထက် ပိုမိုချမ်းသာကြွယ်ဝလာပြီး ကမ္ဘာ့စီးပွားရေးတွင် ယခင်ထက်ပို၍ ပေါင်းစည်းလာနေသည်ကိုတွေ့ရ၏။

အခြေအနေသည် စစ်အေးခေတ်အချိန်ကာလများမှဖြစ်ပေါ်လာသော ကြီးမားသောအပြောင်းအလဲဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံကြီးများ၏ ထိပ်တိုက်ရင်ဆိုင်မှုများကိုရှောင်လွှဲသည့် Proxy Wars ခေါ် ကြားခံစစ်ပွဲများ၊ နျူကလီးယားလက်နက်နှင့်ပတ်သက်၍ စိုးရိမ်ထိတ်လန့်မှုများရှိနေခဲ့ပြီဖြစ်သည်။ စီးပွားရေးရှုထောင့်မှကြည့်ပါက အနောက်ကမ္ဘာ့နိုင်ငံများသည် ဆိုရှယ်လစ်-ကွန်မြူနစ်အုပ်စုနိုင်ငံများ ရှေ့ထက်ပိုမိုရှေ့ရောက်သည့် နိုင်ငံများဖြစ်သည်။ ယေဘုယျအားဖြင့် အမေရိကန်နိုင်ငံသားတစ်ယောက်သည်ကွန်မြူနစ်အုပ်စုနိုင်ငံများမှနိုင်ငံသားတစ်ယောက်ထက် ချမ်းသာကြွယ်ဝမှု ဆယ်ဆပိုမိုရှိနေသည်။

ယနေ့ ဒီမိုကရေစီနိုင်ငံများ၏စီးပွားရေးကို ချိန်ဆကြည့်ပါက ကျဆင်းမှုများရှိနေခဲ့ပြီဟု သုံးသပ်ကြသည်။ အော်တိုကရေစီ( Autocracy) နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ၊ အစိုးရများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်သည် ဒီမိုကရေစီနိုင်ငံများ၏အခြေအနေကို အလျင်အမြန်လိုက်မီနိုင်စွမ်းရှိနေသည်။ အော်တိုကရေစီနိုင်ငံများတွင် စာရင်းပေါက်ထားသော ကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာစုစုပေါင်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းရှိသည်။ စဉ်းစားစရာအချက်မှာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုသို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့်သက်ဆိုင်သော အဆက်အစပ်များမှတစ်ဆင့်အော်တိုကရေစီနိုင်ငံများနှင့် ဒီမိုကရေစီနိုင်ငံများ ပေါင်းစည်းလာနေခြင်းဖြစ်သည်။

အခြားအံ့ဖွယ်အချက်လည်းရှိသည်။ ဒီမိုကရေစီနိုင်ငံများမှစားသုံးသူများသည် အော်တိုကရေစီနိုင်ငံများ၏ကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုနေကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကွဲပြားခြားနားသော နိုင်ငံရေးအယူဝါဒများဖြင့် မတိုက်ဆိုင်မှုများ၊ ပြဿနာများရှိနေသော်လည်း စီးပွားရေးအရ ဆက်ဆံမှုများရှိနေကြခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင်ကွဲပြားခြားနားသော နိုင်ငံရေးအယူဝါဒနှစ်ရပ်ကို ကျင့်သုံးနေသည့်နိုင်ငံအုပ်စုများသည် ယခင်ကာလများကထက် ပိုမိုပေါင်းစည်းမှုများရှိနေသဖြင့် အုပ်စုတစ်စုက စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခြင်းသည် နှစ်ဖက်သို့မဟုတ် ဆက်စပ်မှုရှိသည့်နိုင်ငံအားလုံးကို ထိခိုက်မှုများရှိလာနေသည်ကိုလည်း သတိပြုမိလာကြသည်။

ကြုံတွေ့နေရသောပြဿနာများကိုဖြေရှင်းနိုင်ရေးအတွက် စီးပွားရေးနှင့်သက်ဆိုင်သည့်အဖွဲ့သစ်များ၊ အုပ်စုသစ်များပေါ်လာနိုင်သည်။ ၂၀၁၆ ခုနှစ်က ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ နုတ်ထွက်မည့်အရေးကိစ္စလှုပ်လှုပ်ရှားရှားဖြစ်ခဲ့ပြီးနောက် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံများသည် ၎င်းတို့၏အရေးကိစ္စများကို နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ချဉ်းကပ်ခဲ့ကြသည်။ နောက်ဆုံးတွင် ၎င်းတို့နိုင်ငံများကြားမှာပင် အားပေးလှုံ့ဆော်မှုများပြုလုပ်ခဲ့ကြပြီး အချင်းချင်းကြားမှာပင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးကိစ္စများ အဆင်ပြေချောမွေ့စေရေး ကြိုးစားအားထုတ်ခဲ့ကြသည်။ အော်တိုကရေစီ (Autocracy) ကျင့်သုံးသည့်နိုင်ငံများသည်လည်း ထို့အတူပင်။ အော်တိုကရေစီနိုင်ငံများမှ တရုတ်နိုင်ငံတွင်းသို့ စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှုပမာဏမြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

စစ်အေးကာလအတောအတွင်း အင်အားကြီးနှစ်နိုင်ငံ၏အခြေအနေကိုမူတည်၍ ကမ္ဘာကြီးကိုနှစ်ပိုင်း ပိုင်းထားသလိုရှိခဲ့ပြီး ဘိုင်ပိုလာကမ္ဘာ(Bipolar world) ဖြစ်ခဲ့ရသည်။ ယခုတော့ နိုင်ငံရေးသိပ္ပံပညာရှင်များက မာလ်တီပိုလာကမ္ဘာ(Multipolar world)အကြောင်း စိတ်ဝင်တစားပြောဆိုနေကြပြီ။ မာလ်တီပိုလာကမ္ဘာကြီးတွင် အင်အားကြီးတစ်နိုင်ငံ၊ နှစ်နိုင်ငံတို့က ကမ္ဘာ့နေရာများကို လွှမ်းမိုးချုပ်ကိုင်ထားနိုင်မည်မဟုတ်။ နိုင်ငံကြီးငယ်များအားလုံးသူ့အထွာနှင့်သူ ကမ္ဘာ့ရေးရာများ၌ ပါဝင်ပတ်သက်လာတော့မည်။ ကမ္ဘာ့စီးပွားရေးတွင်လည်း နိုင်ငံများအားလုံး အရေးပါလာပေလိမ့်မည်။

“ ကမ္ဘာကြီးသည် တဖြည်းဖြည်းကျုံ့လာသည်” “လုံးဝန်းသောသဏ္ဌာန်မှ ကမ္ဘာကြီးပြားသွားပြီ” “ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်သွားပြီ”ဟူ၍ တင်စားပြောဆိုနေကြ၏။ အချို့ကလည်း ဂလိုဘယ်လိုက်ဇေးရှင်း ဖိုးပွိုင့်ဇီရိုး(Globalization 4.0) အစပင်ဝင်ရောက်နေပြီဟုဆိုပြန်သည်။ မာလ်တီပိုလာကမ္ဘာကြီးကိုလည်း စိတ်ကူးနေကြပြန်သည်၊ ကမ္ဘာကြီးပေါ်တွင်နေထိုင်ကြသော နိုင်ငံများကြား၊ လူအဖွဲ့အစည်းများကြား၊ နောက်ဆုံး လူသားတစ်ဦးချင်းစီကြား၌ ယခင်ကာလများနှင့်မတူသော ပိုမိုပေါင်းစည်းလာသည့်သဘော၊ နီးကပ်လာသည့်အခြေအနေများကို ညွှန်းဆိုနေခြင်းဖြစ်သည်။ ရှုထောင့်အမျိုးမျိုးမှ မည်သို့ပင်သုံးသပ်နေစေကာမူ ယခုလက်ရှိအခြေအနေ ဂလိုဘယ်လိုက်ဇေးရှင်း သရီးပွိုင့်ဇီးရိုးသည်လည်း ကမ္ဘာ့လူသားများအတွက် အကောင်းအဆိုးများကို ရောပြွမ်းသယ်ဆောင်လာလျက် ရှိနေပေသည်။ ။

**ကိုးကား။ Globalization 3.0 by Callum Williams**

# ရေသောက်ခြင်းနဲ့ ကျန်းမာရေး

> "လူသားတွေအပါအဝင် သက်ရှိတွေ အသက်ရှင်သန်ရပ်တည်နိုင်မှုအတွက် ရေက မရှိမဖြစ်အရေးပါတဲ့ကဏ္ဍကနေ ပါဝင်ပါတယ်။ ဒါ့ပြင် ကျန်းမာစွာရှင်သန်ရပ်တည်နိုင်ရေးအတွက်လည်း ရေဓာတ်က မရှိမဖြစ်လိုအပ်ပါတယ်။ လူ့ခန္ဓာကိုယ်အလေးချိန်ရဲ့ ၇၀ ရာခိုင်နှုန်းခန့်ကို ရေနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ဆဲလ်တွေ၊ ကိုယ်တွင်းအင်္ဂါအားလုံးက ရေဓာတ်အခြေခံဖွဲ့စည်းထားတာဖြစ်ပါတယ် . . ."

ဟိုက်ဒရိုဂျင်အက်တမ်နှစ်လုံးနဲ့ အောက်ဆီဂျင်အက်တမ်တစ်လုံး ပေါင်းစည်းဖြစ်ပေါ်လာတဲ့ ဒြပ်ပေါင်းဖြစ်တဲ့ရေက သက်ရှိတို့ ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်တဲ့အရာဖြစ်ပါတယ်။ စကြဝဠာအနန္တရှိတဲ့အထဲ ရေရှိတဲ့ဂြိုဟ်မှာသာ သက်ရှိတို့ ရှင်သန်ရပ်တည်နိုင်ကြပါတယ်။ ရေကြောင့် ကမ္ဘာမြေပေါ်မှာ သက်ရှိတို့ရှင်သန်နိုင်တဲ့ ပတ်ဝန်းကျင်ဖြစ်တည်နေပါတယ်။ ရေကြောင့် ဂေဟစနစ်အပါအဝင် လူသားတွေရဲ့ နိစ္စဓူဝလုပ်ငန်းစဉ်တွေ စဉ်ဆက်မပြတ် လည်ပတ်နိုင်ကြတယ်။ ရေကြောင့် စစ်ပွဲတွေဖြစ်ရတယ်။ ရေကြောင့် သဘာဝဘေးအန္တရာယ်တွေ ကျရောက်ကြတယ်။ ရေက သက်ရှိတွေအပါအဝင် ကမ္ဘာကြီးအရှည်သဖြင့် ရပ်တည်နိုင်ရေး၊ စိုပြည်သာယာရေးအတွက် အခြေခံအကျဆုံးအခန်းကဏ္ဍကနေ ပါဝင်ပါတယ်။

### ရေရဲ့အရေးကြီးပုံ

သစ်ပင်တွေ၊ သက်ရှိသတ္တဝါတွေအပါအဝင် လူသားတွေအတွက် ရေက မရှိမဖြစ်အရေးကြီးပါတယ်။ ဇီဝရုပ်ဖြစ်စဉ်တွေ၊ မျိုးပွားမှုဆိုင်ရာတွေနဲ့ အစာအာဟာရဖြည့်တင်းမှုဆိုင်ရာတွေကို စဉ်ဆက်မပြတ်ထိန်းသိမ်းပေးတဲ့အလုပ်တိုင်းမှာ ရေက အဓိကပါဝင်ပါတယ်။ ရာသီဥတုသမမျှတစေရေး၊ စားရေရိက္ခာ ဖွံ့ဖြိုးတိုးတက်စေရေး၊ စက်မှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တိုးတက်ရေး စတဲ့အခန်းကဏ္ဍတွေမှာ ရေက အဓိကအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ရေက သက်ရှိတွေ ရှင်သန်ရပ်တည်ရေးအပြင် လောကသုံးပါး သာယာဝပြောစေရေး မရှိမဖြစ်နဲ့ အစားထိုးမရလောက်အောင် အရေးကြီးတဲ့ သဘာဝကပေးတဲ့ အရင်းအမြစ်ဖြစ်ပါတယ်။

### ရေနဲ့ကျန်းမာရေး

ရေက ကျန်းမာရေးအတွက် အရေးကြီးပုံကို ရှေးဦးလူ့အဖွဲ့အစည်းတွေကတည်းက သတိပြုမိခဲ့ကြတယ်လို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ရှေးဟောင်းအာယုဗေဒဆေးကျမ်းတွေမှာ ရေက အစာချေဖျက်တာနဲ့ ခန္ဓာကိုယ်မှာ ရေဓာတ်ရဲ့အရေးပါပုံတွေကိုမှတ်တမ်းတင်ခဲ့ကြပါတယ်။ ရေနွေးက ခန္ဓာကိုယ်က အဆိပ်အတောက်တွေကို ပျက်ပြယ်စေနိုင်တယ်လို့လည်း ဆိုထားပါတယ်။ ဟစ်ပိုခရေတီစ်(၄၆၀-၃၇၀ ဘီစီ) ရဲ့အဆိုအရ ရေကို ဆေးကုသမှုမှာ အသုံးပြုနိုင်ကြောင်းနဲ့ သန့်စင်တဲ့ရေက ကျန်းမာရေးနဲ့ ရောဂါပျောက်ကင်းသက်သာရေးတို့မှာ အဓိကအရေးပါကြောင်းဆိုထားပါတယ်။ ရောမခေတ်(၅၀၀ ဘီစီ-၄၇၆ အေဒီ)မှာ ရေကိုစနစ်တကျသန့်စင်အသုံးပြုနိုင်အောင် စီမံတဲ့နည်းစနစ်တွေ ဖြစ်ထွန်းလာပါတယ်။ ရောဂါကာကွယ်နှိမ်နင်းရေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် လူသားတွေအနေနဲ့ ရေကိုနည်းစနစ်တကျ အသုံးချနိုင်အောင် တီထွင်ကြံဆခဲ့ကြပါတယ်။ ၁၈ ရာစုနဲ့ ၁၉ ရာစုတွေမှာ စက်မှုတော်လှန်ရေးနဲ့အတူ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးကို အာရုံစိုက်လာကြပါတယ်။ ဘာကြောင့်လဲဆိုတော့ စက်မှုလုပ်ငန်းတွေကြောင့် လူနေမှုဝန်းကျင်မှာ မသန့်ရှင်းတဲ့ရေတွေ ဖြစ်ထွန်းလာတဲ့အတွက်ပါ။ မသန့်ရှင်းတဲ့သောက်သုံးရေတွေကနေတစ်ဆင့် ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ဝမ်းကိုက်ရောဂါ စတဲ့ကူးစက်ရောဂါတွေ ဖြစ်စေနိုင်ပါတယ်။ ဒီနေ့ခေတ်မှာတော့ ရေရဲ့အရေးပါမှုတွေကို သိပ္ပံနည်းကျသုတေသနတွေကနေတစ်ဆင့် ပိုမိုသိရှိအလေးထားလာကြပြီဖြစ်ပါတယ်။

အသက်ရှင်နိုင်စေဖို့ လိုအပ်တဲ့အာဟာရအပါအဝင် သက်စောင့်ဓာတ်တွေကို လိုအပ်တဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဆီ အချိန်နဲ့အမျှ ပေးပို့တဲ့လုပ်ငန်းစဉ်ကို စက္ကန့်မလပ်ဆောင်ရွက်နေတဲ့ သွေးမှာ ရေဓာတ်က အဓိကအစိတ်အပိုင်းဖြစ်ပါတယ်။

ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်စေတဲ့ဓာတုပစ္စည်းတွေ၊ ဓာတ်ပစ္စည်းတွေကို ကျောက်ကပ်ကနေတစ်ဆင့် ဆီးအဖြစ် ပြင်ပကိုစွန့်ထုတ်ရပါတယ်။ ဒါမှ ခန္ဓာကိုယ်က အဆိပ်အတောက်ကင်းကင်းနဲ့ ရှင်သန်နိုင်မှာဖြစ်ပါတယ်။



### ခန္ဓာကိုယ်ဖွဲ့စည်းမှုနဲ့ရေဓာတ်

လူသားတွေအပါအဝင် သက်ရှိတွေ အသက်ရှင်သန် ရပ်တည်နိုင်မှုအတွက် ရေက မရှိမဖြစ်အရေးပါတဲ့ကဏ္ဍကနေ ပါဝင်ပါတယ်။ ဒါ့ပြင် ကျန်းမာစွာရှင်သန်ရပ်တည်နိုင်ရေးအတွက်လည်း ရေဓာတ်က မရှိမဖြစ်လိုအပ်ပါတယ်။ လူ့ခန္ဓာကိုယ်အလေးချိန်ရဲ့ ၇၀ ရာခိုင်နှုန်းခန့်ကို ရေနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ဆဲလ်တွေ၊ ကိုယ်တွင်းအင်္ဂါအားလုံးက ရေဓာတ်အခြေခံဖွဲ့စည်းထားတာဖြစ်ပါတယ်။ ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်ကို မျှခြေထိန်းသိမ်းထားနိုင်တာက ခန္ဓာကိုယ်အပူချိန်၊ အာဟာရဓာတ်တွေကို ခန္ဓာကိုယ်အတွင်း လိုအပ်တဲ့နေရာတွေဆီ ပို့ဆောင်မှုနဲ့ ခန္ဓာကိုယ်က မလိုအပ်တဲ့အညစ်အကြေးတွေ စွန့်ထုတ်မှုတို့အတွက် ရေက အဓိကလုပ်ဆောင်ပါတယ်။ လူအပါအဝင် သက်ရှိတွေရဲ့ခန္ဓာကိုယ်ကို အခြေခံအကျဆုံးဖွဲ့စည်းထားတဲ့ ဆဲလ်လို့ခေါ်တဲ့ ကလာပ်စည်းအားလုံးက ရေဓာတ်အခြေခံဖွဲ့စည်းထားတာဖြစ်ပါတယ်။ ယင်းအခြေခံကလာပ်စည်းတွေ ကောင်းမွန်စွာ အလုပ်လုပ်နိုင်မှလည်း ကျန်းမာနေမှာဖြစ်ပါတယ်။

### အစာခြေစနစ် ဇီဝဖြစ်စဉ်နဲ့ရေဓာတ်

နေ့စဉ် အချိန်နဲ့အမျှစားသောက်နေတဲ့ အစားအသောက်တွေကို အစာအိမ်နဲ့ အူတွေထဲမှာ အဓိကချေဖျက်တာနဲ့ လိုအပ်တဲ့အာဟာရဓာတ်တွေကို အူနံရံတွေကတစ်ဆင့် စုပ်ယူတဲ့လုပ်ငန်းစဉ်ကို ပြုလုပ်နေရာ အဲဒီနေရာတွေမှာ ရေက အဓိကအခန်းကနေ ပါဝင်နေတာဖြစ်ပါတယ်။ ခန္ဓာကိုယ် နေ့စဉ်လှုပ်ရှားလုပ်စဉ် ခန္ဓာကိုယ်တွင်းက ရေဓာတ်တွေက ချွေးနဲ့အတူဆုံးရှုံးသွားပါတယ်။ ပြန်လည်အစားမထိုးရင် ရေဓာတ်ခန်းခြောက်သွားပြီး ခံနိုင်ရည်အား ကျဆင်းစေနိုင်ပါတယ်။ လူကိုပင်ပန်းနွမ်းနယ်စေပြီး အဆိုးဆုံးအနေနဲ့ အပူကြောင့် ခန္ဓာကိုယ်ရှော့ခ်ရတာမျိုးအထိ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဆုံးရှုံးသွားတဲ့ရေဓာတ်ကို အမြန်ပြန်လည်ဖြည့်တင်းပေးဖို့ လိုပါတယ်။ ဒါ့ပြင် ရေဓာတ်ဆုံးရှုံးရင် ရေဓာတ်နဲ့အတူ သတ္တုဓာတ်တွေပါ ဆုံးရှုံးသွားတဲ့အတွက် ကြွက်တက်တာ စတဲ့လက္ခဏာတွေကိုပါ ခံစားရနိုင်ပါတယ်။ ရေဓာတ်ဖြည့်တင်းပေးတာက ကြွက်သားတွေနဲ့ အဆစ်တွေကြား ကောင်းမွန်စွာချိတ်ဆက်လုပ်ဆောင်နိုင်ဖို့ ချောဆီအဖြစ် ဆောင်ရွက်ပေးပြီး ကြွက်တက်တာနဲ့ အဆစ်တွေ တောင့်တင်းတာကို ကာကွယ်ပေးပါတယ်။ ရေဓာတ်က ခန္ဓာကိုယ်လှုပ်ရှားနိုင်စွမ်းကို ကောင်းစွာအထောက်အကူပြုစေပါတယ်။ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ ခြေဆစ်၊ လက်ဆစ်၊ ဒူးဆစ်၊ ပေါင်ဆစ် စတဲ့ အရိုးအဆစ်တွေအတွင်း နာကျင်မှုမရှိစေဘဲ ချောမွေ့စွာလှုပ်ရှားနိုင်စေဖို့ ချောဆီအဖြစ် အသုံးပြုနေရတာလည်း ရေဓာတ်ပဲဖြစ်ပါတယ်။

ကျောက်ကပ်ကနေတစ်ဆင့် ဆီးစွန့်ထုတ်တဲ့လုပ်ငန်းစဉ်မှာ ရေက အဓိကလိုက်ပါဆောင်ရွက်နေတာဖြစ်ပါတယ်။ ရေဓာတ်ပြည့်ဝခြင်းအားဖြင့်လည်း လူ့အရေပြားစိုပြည်မှုနဲ့တင်းအားတွေ ကောင်းမွန်စေနိုင်တာကိုတွေ့ရှိရပါတယ်။ ရေဓာတ်ခန်းခြောက်နေရင် အရေပြားခြောက်သွေ့တာနဲ့ ရှုံ့တွတာတွေ ဖြစ်စေနိုင်ပါတယ်။

ရေဓာတ် လုံလုံလောက်လောက်မရရှိတဲ့ လူ့ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်တာ၊ မူးဝေတာ၊ ကိုယ်လက်မအီမသာဖြစ်တာ၊ ခေါင်းနောက်ကျိတာ စတဲ့လက္ခဏာတွေ ခံစားရနိုင်ပါတယ်။

### ကိုယ်အပူချိန်ကို ထိန်းသိမ်းပေးခြင်း

ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်က ကိုယ်အပူချိန်ထိန်းသိမ်းတဲ့လုပ်ငန်းစဉ်မှာ အဓိကအခန်းကနေ ပါဝင်ပါတယ်။ ပြင်ပအပူချိန်မြင့်တက်လာရင် ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်က အရေပြားကနေ ချွေးအဖြစ်ထွက်ရှိပြီး ကိုယ်အပူချိန်ကို ကျစေနိုင်တာဖြစ်ပါတယ်။ ချွေးအပြင် အသက်ရှူသွင်း၊ ရှူထုတ်လုပ်ငန်းစဉ်မှာလည်း ကိုယ်အပူချိန်ကို ထိန်းပေးနေတာဖြစ်ပါတယ်။ ခန္ဓာကိုယ်အပူချိန်ကို အဓိကထိန်းသိမ်းတဲ့ အင်္ဂါတစ်ခုဖြစ်တဲ့ အရေပြားကနေတစ်ဆင့် ချွေးထွက်တာ၊ အဆုတ်ကနေတစ်ဆင့် အသက်ရှူတဲ့လုပ်ငန်းစဉ်တွေမှာ ရေဓာတ်က ခန္ဓာကိုယ်အပူလွန်ကဲမှုမဖြစ်အောင် ကာကွယ်ပေးနေတာလည်း ဖြစ်ပါတယ်။

### ကိုယ်လက်လှုပ်ရှားနိုင်စွမ်းကို အထောက်အကူပြုခြင်း

ရေဓာတ်က ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ကာကွယ်ပေးပါတယ်။ လေ့ကျင့်ခန်းလုပ်စဉ် ခန္ဓာကိုယ်တွင်းက ရေဓာတ်တွေက ချွေးနဲ့အတူဆုံးရှုံးသွားပါတယ်။

### နှလုံးနဲ့သွေးကြောကျန်းမာရေးဆိုင်ရာ အထောက်အကူပြုခြင်း

ရေက သွေးရဲ့ မရှိမဖြစ်အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ သွေးတွင်းရေဓာတ်ပမာဏထိန်းသိမ်းထားတာက နှလုံးသွေးတွေ လည်ပတ်စီးဆင်းမှုပိုမိုအားကောင်းစေပြီး အောက်ဆီဂျင်သယ်ဆောင်ပေးခြင်းအပါအဝင် သွေးလည်ပတ်စီးဆင်းမှုရဲ့ လုပ်ငန်းဆောင်တာတွေကို ကောင်းမွန်စွာလုပ်ဆောင်နိုင်စေပါတယ်။ သွေးတွင်းရေဓာတ်ပြည့်ဝနေရင် နှလုံးက ခန္ဓာကိုယ်အတွင်းရှိ သွေးတွေကို ခက်ခဲစွာညှစ်ထုတ်ဖို့မလိုအပ်တဲ့အတွက် သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးပါတယ်။ ဒါ့ပြင် သွေးခဲတာကို ကာကွယ်ပေးပါတယ်။ ရေဓာတ်ခန်းခြောက်တာက သွေးကို ပျစ်လာစေပြီး သွေးခဲတာနဲ့ နှလုံးဆိုင်ရာပြဿနာတွေဖြစ်နိုင်ခြေကို တိုးမြင့်စေနိုင်ပါတယ်။

### ဦးနှောက်ရဲ့ စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုများ

ရေဓာတ်က ဦးနှောက်ရဲ့သိမြင်မှုဆိုင်ရာအာနိသင်တွေကို ထက်မြက်စေပါတယ်။ ဦးနှောက်က ခန္ဓာကိုယ်အတွင်းရေဓာတ်ပါဝင်မှုနှုန်း ပြောင်းလဲမှုတွေဖြစ်ပေါ်ပြီဆိုရင် ဦးနှောက်လုပ်ဆောင်ချက်တွေမှာ သိသိသာသာအပြောင်းအလဲတွေဖြစ်ပေါ်လေ့ရှိပါတယ်။ ဦးနှောက်က ခန္ဓာကိုယ်တွင်း ရေဓာတ်ပမာဏနဲ့ ပတ်သက်ရင် အလွန်အကဲဆတ်ပါတယ်။ ရေဓာတ်အားနည်းတာက အာရုံစူးစိုက်မှု၊ ရေတိုမှတ်ဉာဏ်နဲ့ ပေါင်းစပ်လုပ်ဆောင်မှုကို ထိခိုက်စေနိုင်ပါတယ်။ လေ့လာမှုတွေအရ အပျော့စားရေဓာတ်ခန်းခြောက်ရင်ပဲ စိတ်ခံစားချက်နဲ့ သိမြင်မှုဆိုင်ရာစွမ်းဆောင်ရည်ကို ထိခိုက်စေတယ်လို့ဆိုပါတယ်။

### ခေါင်းကိုက်ခြင်းကို ကာကွယ်ပေးခြင်း

ရေဓာတ်ပြည့်ဝခြင်းက ခေါင်းကိုက်တာကို ကာကွယ်ပေးနိုင်ပါတယ်။ ရေဓာတ်ခန်းခြောက်တာက ခေါင်းကိုက်တာနဲ့ ခေါင်းတစ်ခြမ်းကိုက်တာကိုဖြစ်စေနိုင်တဲ့ အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ ရေဓာတ်ပြည့်ဝနေရင် အဲဒီရောဂါလက္ခဏာတွေကို တားဆီးကာကွယ်ပေးနိုင်ပါတယ်။

### နေ့စဉ် ရေဘယ်လောက် သောက်ကြမလဲ

လူ့ခန္ဓာကိုယ်ရဲ့ နေ့စဉ်ရေဓာတ်လိုအပ်ချက်က အမျိုးသား၊ အမျိုးသမီး၊ ရာသီဥတု၊ ကိုယ်အလေးချိန် စသည်တို့အပေါ်မှာ အဓိကမူတည်ပါတယ်။ ယေဘုယျအားဖြင့် အမျိုးသားတစ်ဦးအနေနဲ့ နေ့စဉ် ၃ ဒသမ ၇ လီတာခန့်နဲ့ အမျိုးသမီးတစ်ဦးအနေနဲ့ နေ့စဉ် ၂ ဒသမ ၇ လီတာခန့် လိုအပ်ကြောင်း ဆိုပါတယ်။ လှုပ်ရှားလုပ်ကိုင်မှု၊ ရာသီဥတုအပူချိန်အနေအထား စသည်တို့အပေါ်မူတည်ပြီး ပြောင်းလဲနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ရေက လူ့ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်တွေနဲ့ အဲဒီဆဲလ်တွေရဲ့လည်ပတ်မှု၊ အသက်ရှင်သန်ရေးလုပ်ငန်းဆောင်ရွက်မှုစနစ်အဆင့်ဆင့်ရဲ့ စွမ်းဆောင်ရည်ကို ထိန်းသိမ်းဖို့ မရှိမဖြစ်အရေးကြီးပါတယ်။ ခန္ဓာကိုယ်မှာ ရေဓာတ်ညီမျှခြင်းက အစာခြေတာနဲ့ ဇီဝဖြစ်ပျက်တာကနေ စိတ်ပိုင်းဆိုင်ရာ ကြည်လင်ပြတ်သားမှုနဲ့ ရုပ်ပိုင်းဆိုင်ရာခံနိုင်ရည်အထိ အရာအားလုံးကိုပံ့ပိုးပေးထားတဲ့အတွက် နေ့စဉ် ရေလုံလောက်စွာသောက်တာက ကျန်းမာတဲ့လူနေမှုပုံစံရဲ့ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

ဒေါက်တာဇေယျာဝင်း

# ဒေသထွက်စတော်ဘယ်ရီနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်



**ဟိုပုံး ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာ စာကြည့်တိုက်၌ ဒေသထွက်စတော်ဘယ်ရီနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာလ ၁၀ ရက်တွင်ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ယခုသင်တန်းပြီးဆုံးလျှင်သင်တန်းမှ ထူးချွန်သင်တန်းသား ငါးဦးကို သတ်မှတ်ချက်များနှင့်အညီရွေးချယ်ပြီး လုပ်ငန်းထူထောင်ရန်လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်သိန်းက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုကြကာ အဆိုပါသင်တန်းကို ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း သာမန်လျှာထားသင်တန်းများအပြင် လုပ်ငန်းရှင်များဖြစ်သည်အထိမွေးထုတ်ပေးမည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းခုနစ်မျိုးအနက် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းလုပ်ငန်း၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုလုပ်ငန်း၊ ဘေးဒဏ်သင့်ပြည်သူများအတွက်စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းနှင့် အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းစသည့် စီမံကိန်းလုပ်ငန်းလေးမျိုးကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာခြောက်ရွာ၌ စီမံကိန်းရန်ပုံငွေကျပ် ၁၂သန်းစီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၅)

# နတ်မောက်မြို့နယ်၌ မိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**နတ်မောက် ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ချောင်းနက်ကျေးရွာအုပ်စုအတွင်း ကျေးရွာများ၌ ဒေသတွင်းစားသုံးဆီဖူလုံရန်နှင့် မျိုးစေ့လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆင်းရွှေကြာနေကြာခင်းများ စိုက်ပျိုးထားရှိရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးလျက်ရှိပြီး တောင်သူများနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းအကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နတ်မောက်မြို့နယ်တွင် မိုးနေကြာ ၂၆၁၉၆ ဧက စိုက်ပျိုးထားရှိပြီး ထိုသို့စိုက်ပျိုးထားသော မိုးနေကြာဧကများထဲမှ မျိုးစေ့ထုတ်ရန် ရေဆင်းမျိုး(၁) ၁၃ ဧကနှင့် ဆင်းရွှေကြာ ၆၇ ဧက မျိုးသန့်ထုတ်စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါမျိုးစေ့ထုတ်စိုက်ခင်းများမှ ရရှိလာသည့်မျိုးသန့်များအား ဆောင်းနေကြာဆက်လက်စိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေးအတွက် မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံမှ သိရသည်။

လှဝင်း

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**သထုံ ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၁၀ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲကျင်းပပေးရခြင်းရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာများသာမက ပြင်ပစာအုပ်စာပေများကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကိုစီမံခန့်ခွဲတတ်စေရေးစသည့် လူငယ်များဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား၊ ကျောင်းသူများက သိလိုသည်တို့ကို မေးမြန်းကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဟောပြောပွဲသို့ တက်ရောက်လာကြသူတို့က စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၄၀၆)



## ပါဝင်ဆင်နွှဲ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲ

* တိုင်းပြည်နယ် ကစားသမားတို့
ကြိုးစားလို့ ယှဉ်ပြိုင်ရန်။
ပဥ္စအကြိမ် အားကစားပွဲ
ဆင်နွှဲကြအမှန်။
နိုင်ငံ့အတွက် ဂုဏ်ရှိပြန်
အဓိဌာန် နှလုံးသွင်း။
စည်းလုံးစွာ ဦးတည်ချက်နဲ့
ဆောင်ရွက်ဆွေရင်း။

* တက်ကြွစေ အားကစား
ကမ္ဘာတစ်လွှား လွှမ်းမိုးမည်။
ကစားနည်းစုံ အဆင့်မြှင့်
ဂုဏ်တင့်ပေသည်။
ခွဲလုံ့လ ပြင်းပြတည်
နိုင်ငံ့ဂုဏ်ရည် တန်ခိုးလွှမ်း။
ထာဝစဉ် မျိုးချစ်စိတ်ကို
ဦးထိပ်ရွက်ထမ်း ။

* ကြွံခိုင်မည် တစ်မျိုးသားလုံး
ရွှင်လန်းအပြုံး မြင်ရကာ။
သန်စွမ်းသူ ကစားသမားနဲ့
မသန်စွမ်းသူ ကစားသမားလည်း
အားပေးကြရာ။
ကျားမတို့ ကဏ္ဍစုံစွာ
တို့မြန်မာ အားကစားပွဲ။
နိုင်ငံ့ဂုဏ်ဆောင် ရည်မျှော်မှန်း
ကြိုးပမ်းဆင်နွှဲ။ ။

**မောင်မျိုးချစ်(အညာမြေ)**

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၁၂-၁၂-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# မြန်မာ့ရွှေကို ကမ္ဘာ့ရွှေစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးနှင့်အလေးချိန်ပြည့်မီစေရန် ရွှေဓာတ်ခွဲခန်း ဖွင့်လှစ်ဆောင်ရွက်မည်



ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာ့ရွှေကို ကမ္ဘာ့ရွှေစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးနှင့်အလေးချိန်ပြည့်မီစေရန် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ရွှေဓာတ်ခွဲခန်း ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ယခုအခါ ပြည်တွင်း၌ ရွှေရောင်းဝယ်မှုကို အရေးကြီးဝန်ဆောင်မှုအဖြစ် နိုင်ငံတော်မှ အောက်တိုဘာလက အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သောကြောင့် မကြာမီ ဥပဒေနှင့်နည်းဥပဒေများ ထွက်ရှိလာတော့မည်ဖြစ်ရာ ထိုဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြန်မာ့ရွှေကို ကမ္ဘာ့ရွှေဈေးကွက်တွင် နိုင်ငံတကာပေါက်ဈေးအတိုင်း ရောင်းချနိုင်ရေးအတွက် စံချိန်စံညွှန်းနှင့်ပြည့်မီသော နိုင်ငံတကာအသိအမှတ်ပြု ရွှေဓာတ်ခွဲခန်းတည်ထောင်ကာ ဆောင်ရွက်မည်ဖြစ်သည်။

"ရွှေဓာတ်ခွဲခန်းဖွင့်လှစ်နိုင်ဖို့ နိုင်ငံတကာ ISO လက်မှတ်ရရှိအောင် ဆောင်ရွက်နေပါတယ်။ အဲဒီဓာတ်ခွဲခန်းကို နိုင်ငံတကာက အသိအမှတ်ပြုတဲ့အဖွဲ့တွေ လာရောက်စစ်ဆေးမှာဖြစ်ပါတယ်။ ရွှေဓာတ်ခွဲခန်းကနေစစ်ဆေးပြီး ထောက်ခံပေးလိုက်တဲ့ ရွှေအရည်အသွေးနဲ့အလေးချိန်က တစ်ကမ္ဘာလုံးက ဘယ်ရွှေဈေးကွက်မှာပဲဖြစ်ဖြစ် စစ်ဆေးလိုက်ရင် ရွှေဓာတ်ခွဲခန်းက ထောက်ခံပေးလိုက်တဲ့အတိုင်း အရည်အသွေးနဲ့အလေးချိန်တိကျမှန်ကန်မှုရှိစေဖို့ စနစ်တကျ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ပြည်တွင်း၌ဖွင့်လှစ်မည့် ရွှေဓာတ်ခွဲခန်းအတွက် နိုင်ငံတကာ ISO လက်မှတ်ရရှိစေရန် လာရောက်စစ်ဆေးမည့်အဖွဲ့အစည်းများသည် အမေရိကန်၊ ဂျာမနီနှင့် အင်္ဂလန် စသည့်နိုင်ငံကြီးများမှဖြစ်ပြီး ယင်းအဖွဲ့အစည်းများက လာရောက်စစ်ဆေးသောအခါ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသော ရွှေဓာတ်ခွဲခန်းအဖြစ် အသိအမှတ်ပြုခံရစေရန် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

ယခုအခါ ပြည်တွင်းရွှေဈေးကွက်အနေဖြင့် ကမ္ဘာ့ရွှေဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြည်ပနိုင်ငံများသို့ မြန်မာ့ရွှေများကို တရားဝင်ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး ပန်းချီ ကျပန်းစကားပြော ဉာဏ်စမ်း ကဗျာရွတ် ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီ၊ ကျပန်းစကားပြော၊ ဉာဏ်စမ်း၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ပြိုင်ပွဲများကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၅ ဦးက ပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ အေးမေတ္တာ စာကြည့်တိုက် ဖွင့်လှစ်

ကျွန်းလှ ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာရှိ ကျေးရွာနေပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်ရန်ရည်ရွယ်၍ အေးမေတ္တာစာကြည့်တိုက်ဖွင့်ပွဲကို အဆိုပါကျေးရွာ၌ ဒီဇင်ဘာလ ၁၁ ရက်က ကျင်းပသည်။

ရေးဦးစွာ အေးမေတ္တာစာကြည့်တိုက်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချို၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများက ထိန်းသိမ်းစို့လေစာပေအမွေသီချင်းဖြင့်သီဆိုဖွင့်လှစ်ပြီး စာကြည့်တိုက်အတွက် ကျေးရွာနေပြည်သူများက အလှူငွေနှင့် သုတ၊ ရသ စာအုပ်စာစောင်များလှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၁၁ ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ် သိန်း ၁၀၀၊ ပရိဘောဂအတွက် ငွေကျပ် သိန်း ၃၀၊ စာအုပ်စာစောင်အတွက် ငွေကျပ်သိန်း ၂၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၁၁၀ စုစုပေါင်း ငွေကျပ်သိန်း ၂၆၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ငဖဲမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၉၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်



ငဖဲ ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၉၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၅၃ ကေ၊ ဆီထွက်သီးနှံ ၁၁၃၁ ကေ၊ ပဲမျိုးစုံ ၆၄၆၃ ကေ၊ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက် ကေ ၂၄၀ ၊ ကွဲ၊ နွားအစာ ၂၀၅၁ ကေ စုစုပေါင်း ၉၉၃၈ ကေ စိုက်ပျိုးရန်လျာထားရာ လက်ရှိတွင် ၄၉၀၉ ကေ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် မန်းချောင်းရေလှောင်တမံဆည်ရေ၊ ရင့်ရှည်ရေလှောင်တမံဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်ရေများနှင့် မြေအောက်ရေတင်၍ စိုက်ပျိုးကြပြီး နှစ်ရှည်သီးနှံပင်များနှင့် သီးထပ်၊ သီးညှပ် ရောနှောစိုက်ပျိုးလျက်ရှိကာ ကုလားပဲနှင့် ဆောင်းနှမ်းကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်း လက်ရှိအချိန်ထိ ဆောင်းသီးနှံများစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဖူးစားပြောင်း ၃၁ ကေ၊ ဆီထွက်သီးနှံ ၅၄၂ ကေ၊ ပဲမျိုးစုံ ၂၃၀၄ ကေ၊ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက် ကေ ၁၃၀၊ ကွဲ၊ နွားအစာ ၁၈၉၆ ကေ ၊ ပန်းမျိုးစုံ ခြောက်ကေ စုစုပေါင်း ၄၉၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် စိုက်ပျိုးထားသောသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်းသီးနှံများ အရည်အသွေးကောင်းမွန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၁

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ **အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှဇင်မင်းခန့်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဘိုဘိုရှိန်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ**တွင် မကွေးတိုင်းဒေသကြီးမှ တနင်္သာရီတိုင်းဒေသကြီးမှ ရင်ဟုန်စိုးက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲ**တွင် ရှမ်းပြည်နယ်မှ အေးသော်တာခိုင်က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ နှင်းပွင့်လှိုင်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ညိုညို ဌေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ **လက်ထောက်နည်းပြအဆင့် အမျိုးသားဓားနှစ်လက် စွမ်းရည်ပြပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးက တတိယဆုကိုလည်းကောင်း၊ **လက်ထောက်နည်းပြအဆင့်အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲ**တွင်




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး မီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

နှင့် နန်းဆိုင်လောင်တို့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်၂၀ နှစ်အောက်ဘော်လီဘောပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B) ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ် အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းကို ၃ ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီး တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသားအမျိုးသမီး အတွဲ Pair ကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ စိုင်းနေဇင်ထွန်းနှင့် လင်းလဲ့ကြယ်ဖြူက ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူ နှင့် ကြယ်စင်သော်က ဒုတိယ ၊ ရှမ်းပြည်နယ်မှ ဟိန်းယံထွန်းနှင့် နော်ဧပြီဖော၊ မန္တလေးတိုင်းဒေသကြီးမှ စောလုကာကျော်နှင့် မေရတနာအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား အသင်းလိုက် ကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှဇော်အန်အောင်နှင့်အဖွဲ့က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ဇင်မြတ်ထွန်းနှင့်အဖွဲ့က ဒုတိယ၊ မွန်ပြည်နယ်မှ သန့်စင်သူ နှင့် အဖွဲ့၊ ကရင်ပြည်နယ်မှ

သဲအိထွေးက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းအိဖြိုးက ဒုတိယ ၊ ချင်းပြည်နယ်မှ ထန်ဒိမ့်ခိုင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ**တွင် ရှမ်းပြည်နယ်မှကျော်မင်းအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မြတ်ဝင်းလှိုင်က ဒုတိယ ကချင်ပြည်နယ်မှ ဂျိုဆာစီက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ အိအိဝိုင်းက ပထမ ၊ ပဲခူးတိုင်းဒေသကြီးမှ မေမြတ်နိုးဇင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ မေမြတ်နိုးခင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

**အမျိုးသားသုံးဆင့်ခုန် ဗိုလ်လုပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှ လှမျိုးနိုင်က ပထမ၊ ကချင်ပြည်နယ်မှ နေဇော်လင်းက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းထက်အောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးသုံးဆင့်ခုန် ဗိုလ်လုပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှ အိအိဖြိုးက ပထမ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်မှအေးအေးမိုးက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးမေ က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မျိုးမင်းထွန်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ နန္ဒကျော်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်ခန့်ပိုင်က ပထမ၊ မွန်ပြည်နယ်မှ ကောင်းမြတ်စံက ဒုတိယ၊ ရှမ်းပြည်နယ်မှခန့်စည်သူက တတိယဆုကိုလည်းကောင်း၊ **လက်ထောက်နည်းပြအဆင့် အမျိုးသား တစ်ကိုယ်တော် ဓားနှစ်လက်ပြ စွမ်းရည်ပြပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်က ပထမ၊ ရှမ်းပြည်နယ်မှ ခန့်စည်သူက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်ခန့်ပိုင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသားတုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲ (မ-၁/ကျား-၂) လက်နက်မဲ့/ ဓားမြှောင်/ ဓားရှည်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးက တတိယဆုကိုလည်းကောင်း၊ **(မ-၁/ကျား-၃) လက်နက်မဲ့/ ဓားမြှောင် / ဓားရှည်/ တုတ်ရှည် အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲ**တွင် ကချင်ပြည်နယ်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသား-အမျိုးသမီး လက်နက်မဲ့/ ဓားမြှောင် စွမ်းရည်ပြပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ သီဟဇော် နှင့် စန္ဒာထွန်းတို့က ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျိုးမင်းသော်နှင့် လှိုင်သီတာမိုးတို့က ဒုတိယ၊ ရှမ်းပြည်နယ်မှ စိုင်းနောင် အသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးတိုက်ကွမ်ဒိုပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ကျင်းပရာ **အမျိုးသား တစ်ဦးချင်းကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဖြိုးဟန်ကျော်က ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူက ဒုတိယ ၊ ရှမ်းပြည်နယ်မှ ဟိန်းယံထွန်းနှင့် ကရင်ပြည်နယ်မှ မြင့်မြတ်ရွှေတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်းသင်္ဂီထွန်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာက ဒုတိယ ၊ ရှမ်းပြည်နယ်မှ နော်ဧပြီဖောနှင့် ချင်းပြည်နယ်မှ ဖြူစင်သူ ထင်အောင်လင်းနှင့်အဖွဲ့တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး အသင်းလိုက် ကကွက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ ထူးသဉ္ဇာအောင်နှင့်အဖွဲ့က ပထမ ၊ ကယားပြည်နယ်မှ ရွှေလင်းခိုင်နှင့်အဖွဲ့က ဒုတိယ၊ ရှမ်းပြည်နယ်မှနော်ဧပြီဖော နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာနှင့်အဖွဲ့တို့က ပူးတွဲတတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသား Kata ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယ ၊ ကရင်ပြည်နယ်နှင့်

**စာမျက်နှာ ၁၂ သို့** ●



ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။

● စာမျက်နှာ ၁၁ မှအဆက်

ကချင်ပြည်နယ်တို့က ပူးတွဲ တတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး Kata ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်က ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၅၅ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ ကျော်ဇောအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ သီဟသော်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ မျိုးဇော်ထက်နှင့် ကရင်ပြည်နယ်မှ ထက်ကိုဝင်းတို့က ပူးတွဲ တတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၆၀ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငွေးက ပထမ၊ ကချင်ပြည်နယ်မှ မိုးကျော်ကျော်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဝေလင်းထွေးနှင့် ကရင်ပြည်နယ်မှ အောင်ဆက်ပိုင်တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၆၆ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ လှိုင်မင်းခန့်က ပထမ၊ ကရင်ပြည်နယ်မှ စောမြသံစဉ်က ဒုတိယ၊ ရခိုင်ပြည်နယ်မှ ဟိန်းထက်ဇော်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ သန့်ဇော်ဦးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၇၃ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ သန့်ဇင်ဝင်းအောင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှအောင်သန်းကျော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းထက်ဦးနှင့် ကချင်ပြည်နယ်မှ လဦးတိုက်ခေါ်တို့က ပူးတွဲ တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသမီး ၄၅ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ ဆောင်ယုံက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်စံပယ်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ လှသူဇာနှင့် မန္တလေးတိုင်းဒေသကြီးမှ နီမာထွန်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး ၄၈ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ အိအိသဇင်ဇော်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နှင်းဝတ်မှုံလွင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ယမင်းသူဇာလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပုံ့ပုံ့စိုးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး ၅၂ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှ နန့်ဖြိုးသီရိဟန်က ပထမ၊ မွန်ပြည်နယ်မှ နော်မြတ်နိုးရွှေစင်က ဒုတိယ၊ ချင်းပြည်နယ်မှ စန္ဒာဝင်းနှင့် ကချင်ပြည်နယ်မှ မေဇင်ဖြိုးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး ၅၇ ကီလိုတန်းအောက်ပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ငွေပုံချစ်က ပထမ၊ ကချင်ပြည်နယ်မှ ပြည့်စုံအောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ငုချယ်ဦးနှင့် ရှမ်းပြည်နယ်မှစံပယ်နှင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က တနင်္သာရီတိုင်းဒေသကြီးမှ အာကာဖြိုးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်ကိုလည်းကောင်း၊ **အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲ**တွင် ကချင်ပြည်နယ်မှ နုတ်မာရ်က ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်ကိုလည်းကောင်း၊ **အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက ပဲခူးတိုင်းဒေသကြီးမှ ဇင်မင်းကိုကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ကရင်ပြည်နယ်မှစောငွေမိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ပြည်ထောင်စုနယ်မြေနေပြည်တော်မှ အိမ့်မြတ်သော်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ သက်ထားမိုလ်က ရှမ်းပြည်နယ်မှ ထက်ထက်အောင်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးပြည့်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က ရှမ်းပြည်နယ်မှ မိုးပြည့်ပြည့်လွင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ရန်ကုန်တိုင်းဒေသကြီးမှ လင်းလက်နေခြည်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဘောဂဝတီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲများ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသား ဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး ဂိုးမရှိ၊ **ဗိုလ်လုပွဲစဉ်**တွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး **ရှမ်းပြည်နယ်အသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက တတိယဆုကို ရရှိခဲ့ကြသည်။**

**အမျိုးသမီးဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ ပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၇ ဂိုး ၄ ဂိုး၊ **ဗိုလ်လုပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၆ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး **ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ကချင်ပြည်နယ်အသင်းက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တတိယဆုတို့ကိုရရှိခဲ့ကြသည်။**

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ပွဲ ၁ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲ ၁ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ပွဲ ၁ ပွဲ၊ ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ပွဲ ၁ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ပွဲပြတ်၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ပွဲ ၁ ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊

စာမျက်နှာ ၁၃ သို့ ●

● **စာမျက်နှာ ၁၂ မှအဆက်**

ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၂ ပွဲ ပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်**များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၂ ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၁ ဂိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက တစ်ဖက်၁ဂိုးစီဖြင့်သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ဂိုးမရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပွဲ**ကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ **တစ်ဦးချင်းပြိုင်ပွဲ(အကျောပေး) ပြိုင်ပွဲ**တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ မျိုးလွင်ဦးက ပထမ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းမှ ကျော်နိုင်ဦးက ဒုတိယ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းမှ ဟိန်းဇေယျက တတိယဆုကိုလည်းကောင်း၊ **တစ်ဦးချင်းပြိုင်ပွဲ (အကျောမဲ့) ပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ သက်ထွဋ်ဦးက ပထမ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမ်းငြိမ်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ရန်နိုင်အေးက တတိယဆုကိုလည်းကောင်း၊ **အသင်းလိုက် အကျောပေးပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တတိယ၊ **အသင်းလိုက် အကျောမဲ့ပြိုင်ပွဲ**တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပထမ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဒုတိယ၊ အလုပ်သမားဝန်ကြီးဌာနက တတိယဆုကိုလည်းကောင်း၊ Hole in One Prize ဆုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ မျိုးလွင်ဦးက ကျင်းအမှတ် (၁၂) တွင် ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃


(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




**ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာအသိပညာပေးဆွေးနွေး

**ငဖဲ ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်က အဆိုပါဦးစီးဌာနပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ အများပြည်သူနေရာတွင်ဖြစ်စေ၊ ပုဂ္ဂလိကသီးသန့်အခြေအနေတွင်ဖြစ်စေ အမျိုးသမီးများအပေါ် အနိုင်အထက်ပြုခြင်း သို့မဟုတ် လွတ်လပ်ခွင့်အား ငြင်းဆန်ပြီး တစ်ဖက်သတ်ပြုမူခြင်း စသည့်ခြိမ်းခြောက်မှုများအပါအဝင် ကိုယ်ထိလက်ရောက်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ထိခိုက်နစ်နာစေမည့် သို့မဟုတ် ထိုသို့ထိခိုက်နစ်နာဖွယ်ရှိသည့် ကျား၊ မ ရေးရာအား အခြေခံသော အကြမ်းဖက်သည့် အပြုအမူတစ်ရပ်ကို ဆိုလိုသည်ဟု ၁၉၉၃ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (DEVAW) ၏ အပိုဒ် (၁) တွင် ဖော်ပြထားကြောင်း အသိပညာပေးပြောကြားပြီးနောက် အကြမ်းဖက်ခံရမှုအမျိုးအစားများနှင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးနေ့ကျင်းပဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန် အသိပညာပေး Talk Show အစီအစဉ်များ ရိုက်ကူး၍ Online မှတစ်ဆင့် လစဉ်ပုံမှန်ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**

# အားကစားပွဲတော်တွေကျင်းပတာက လက်ရွေးစင်အားကစားသမားကောင်းတွေထွက်ပေါ်လာပြီး တစ်ချိန်က အောင်မြင်မှုတွေရရှိခဲ့တဲ့ မြန်မာတွေရဲ့ အားကစားခေတ် တစ်ခေတ်ကို ပြန်လည်ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်

မောင်အောင်ခေတ်ပိုင်

နေပြည်တော် ဒီဇင်ဘာ ၁၁

**၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းများနှင့်အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိ အားကစားအဖွဲ့များမှ တာဝန်ရှိသူများနှင့်အားကစားသမားများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကိုဖော်ပြလိုက်ပါသည်။**



ဦးစိုးထွဋ်ဦး(နည်းပြ)



ဦးဝဏ္ဏထွန်း(နည်းပြ)



မောင်လှိုင်မင်းခန့်



မမေသက်ပိုင်



မောင်အောင်ခေတ်ပိုင်



မပြည့်စုံအောင်၊ မအိအိသဇင်ဇော်



မနန္ဒာဝင်း



မသဲဆုဝေ

**ဦးဝဏ္ဏထွန်း**
**(ဂျူဒိုနည်းပြ၊ ကချင်ပြည်နယ်အသင်း)**

ကျွန်တော်တို့အသင်းအနေနဲ့ ပထမဦးဆုံး ကချင်ပြည်နယ်အတွက် ရွှေတံဆိပ်ဆုရယူပေးနိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာပျော်ရွှင်မိတယ်။ ဂျူဒို(KATA) ကစားနည်းက ထည့်သွင်းကစားတာ သုံးနှစ်ပဲရှိသေးတယ်။ ဒီပြိုင်ပွဲမှာဆို ၁၅ မျိုး ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် အများကြီးလေ့ကျင့်ရတယ်။ ကျွန်တော်တို့နိုင်ငံမှာက ပြိုင်ပွဲတွေနည်းတဲ့အတွက် ခုလို အားကစားပွဲတော်တွေ များများကျင်းပပေးမယ်ဆို မျိုးဆက်သစ်ကစားသမားတွေ ပေါ်ထွက်လာမယ်။ ဒီပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် လေ့ကျင့်မှုတွေကအစ နှစ်လ၊ သုံးလကြာ ကြိုတင်လေ့ကျင့်ရတော့ ကစားသမားတွေအတွက် ကစားအားပိုကောင်းတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်မယ့် ကစားသမားတွေလည်း ထွက်ပေါ်လာနိုင်တယ်။ ပြည်နယ်အစိုးရကလည်း ထောက်ပံ့မှုအပြည့် ပံ့ပိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်တယ်။

**ဦးစိုးထွဋ်ဦး (နည်းပြ)**
**ရန်ကုန်တိုင်းဒေသကြီးအသင်း**

ကျွန်တော်တို့ တိုက်ကွမ်ဒိုအသင်းအနေနဲ့ လက်ရှိမှာ ရွှေတံဆိပ် ၆ ဆုရရှိထားပါတယ်။ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကိုလည်း အံ့မခန်းဖြစ်ရပါတယ်။ ရွှေတံဆိပ်ဆုရရှိတဲ့အတွက်လည်း ဝမ်းသာမျက်ရည်ကျမိပါတယ်။ လေ့ကျင့်မှုကာလ နှစ်လအတွင်းမှာ တစ်နေ့ကို Training လေးကြိမ်သတ်မှတ်ပြီး လေ့ကျင့်ပေးခဲ့ပါတယ်။ အခုလို အားကစားပွဲတော်ကြီး ကျင်းပတဲ့အတွက် အားကစားသမားကောင်းတွေ ထွက်ပေါ်လာတယ်။ ဆီးဂိမ်းအတွက်လည်း ကစားသမားကောင်းတွေ ထပ်မံရွေးချယ်ခွင့်ရသလို နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ ရွှေတံဆိပ်ဆုရှင်တွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အားကစားပွဲတော်ကြီးမှာ ပံ့ပိုးမှုတွေ များစွာပေးထားသလို ကစားသမားတွေရဲ့ ကြိုးစားမှုအပေါ်မှာ ဆုတံဆိပ်နဲ့ ဆုကြေးငွေပါ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးတာ တွေ့ရတယ်။ တိုင်းဒေသကြီးကလည်း ဆုကြေးငွေပေးတဲ့အတွက် များစွာအားတက်ရပါတယ်၊ ခုလိုအားကစားပွဲတော်တွေ များများကျင်းပပေးမယ်ဆိုရင် ကစားသမားတွေအတွက်တော့ အတိုင်းထက်အလွန်ဝမ်းသာကြရတာပေါ့။

**မောင်အောင်ခေတ်ပိုင်**
**(တိုက်ကွမ်ဒို - ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်တော့်အသင်းက သုံးယောက်တွဲ တိုက်ကွမ်ဒို ကကွက်အသင်းလိုက်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိပြီး ရန်ကုန်တိုင်းရဲ့ဂုဏ်ဆောင်နိုင်တဲ့အတွက် ပျော်ရွှင်ရပါတယ်။ လေ့ကျင့်မှုကတော့ နှစ်လကြာလေ့ကျင့်ခဲ့ရပြီး အသင်းလိုက်ယှဉ်ပြိုင်ပွဲဖြစ်လို့ ကကွက်အလှပြတဲ့နေရာမှာ ညီညာမှုရှိအောင်ပြိုင်ပွဲဝင်အားလုံးက စိတ်တူကိုယ်တူ ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ ဒီအားကစားပွဲတော်ကြီးကနေ မျိုးဆက်သစ်ကစားသမားတွေထွက်ပေါ်လာမယ်လို့ မျှော်လင့်ပါတယ်၊ အားကစားပွဲတော်တွေကျင်းပတာက လက်ရွေးစင်အားကစားသမားကောင်းတွေထွက်ပေါ်လာပြီး တစ်ချိန်က အောင်မြင်မှုတွေရရှိခဲ့တဲ့ မြန်မာတွေရဲ့ အားကစားခေတ် တစ်ခေတ်ကို ပြန်လည်ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မပြည့်စုံအောင် + မအိအိသဇင်ဇော်**
**(ဂျူဒို KATA၊ ကချင်ပြည်နယ်အသင်း)**

သုံးလကြာလေ့ကျင့်မှုကနေ ကချင်ပြည်နယ်အတွက် ရွှေတံဆိပ်ဆုရယူပေးနိုင်တဲ့အတွက် အရမ်းပျော်ပါတယ်။ ကျွန်မတို့ယှဉ်ပြိုင်တဲ့ ဂျူဒို KATA ပြိုင်ပွဲမှာ ကစားနည်း ၁၅ မျိုး ယှဉ်ပြိုင်ရတဲ့အတွက် ကြိုးစားလေ့ကျင့်ခဲ့တယ်။ အားကစားပွဲတော်ကြီး ကျင်းပပေးတဲ့အတွက် လူငယ်ကစားသမားတစ်ယောက်အနေနဲ့ အခွင့်အလမ်းတွေ ရရှိနိုင်သလို ကြိုးစားရင် အောင်မြင်မှုတွေကနေ နိုင်ငံ့လက်ရွေးစင်ကစားသမားတွေ ပေါ်ထွက်နိုင်ပါတယ်။ ခုလို အားကစားပွဲတော်တွေကို များများကျင်းပပေးဖို့လည်း ကစားသမားတစ်ယောက်အနေနဲ့ မျှော်လင့်ပါတယ်။

**မနန္ဒာဝင်း (ကချင်ပြည်နယ်ကိုယ်စားပြု)**
**မြန်မာ့သိုင်းပြိုင်ပွဲ**

ကျွန်မက ကချင်ပြည်နယ်ကနေ ဓား နှစ်လက်/တုတ်ရှည်ပြိုင်ပွဲ နှစ်ပွဲယှဉ်ပြိုင်တာပါရှင့်။ မြန်မာ့သိုင်းကို စတင်လေ့ကျင့်တာ တစ်နှစ်ဝန်းကျင်ပဲရှိနေတော့ အကျွမ်းကျင်ဆုံးတော့မဟုတ်ပါဘူး။ ဒါပေမဲ့ အခုလို ပြိုင်ပွဲကြီးကျင်းပတော့ ဝမ်းသာပြီး သေသေချာချာလေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ မြန်မာ့သိုင်းကို စိတ်ဝင်စားပါတယ်ရှင့်။ ကျွန်မတို့ ကချင်ပြည်နယ်မြစ်ကြီးနားမြို့မှာ မြန်မာ့သိုင်းသင်တန်းတွေလည်းရှိတာမို့ တက်ခွင့်ရခဲ့တယ်။ မြန်မာ့သိုင်းဆိုတာ မြန်မာ့ရိုးရာအားကစားနည်း ဖြစ်သလို ကိုယ်ခံပညာလည်းဖြစ်ပါတယ်။ မြန်မာ့အမွေအနှစ်ဘာသာရပ်မို့ သင်ကြားတဲ့အခါ မြန်မာ့အမွေအနှစ်ပညာတစ်ခုကိုလည်း ကာကွယ်ထိန်းသိမ်းပြီးသားဖြစ်သလို ခန္ဓာကိုယ်လည်း ကျန်းမာကြံ့ခိုင်တယ်။ မိမိကိုယ်ကိုနဲ့ ရပ်ရွာကိုလည်း ကာကွယ်စောင့်ရှောက်နိုင်တဲ့ အကျိုးကျေးဇူးတွေရရှိလာမှာဖြစ်ပါတယ်၊ မြန်မာ့သိုင်းမှာ ကျွန်မက ဓားကိုင်ရတာအကြိုက်ဆုံးပဲ။ ဓားအစွမ်းပြတာကို သဘောကျတယ်။ ဘာကြောင့်လဲဆိုရင် အားနဲ့မာန်နဲ့ လုပ်ဆောင်ရတာမို့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတိုးစေတယ်ရှင့်၊

**မမေသက်ပိုင် (ရန်ကုန်တိုင်းဒေသကြီး)**
**အမျိုးသမီး ပထမဆုရဖူဆယ်အသင်း**

ကျွန်မက အသက် ၁၆ နှစ်မှာ ဖူဆယ် စတင်ကစားခဲ့ပါတယ်။ ကျွန်မတို့ အခု အမျိုးသမီးပွဲမှာ ပထမဆုရပါတယ်၊ အဓိကကတော့ ကျွန်မတို့အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ လေ့ကျင့်ခဲ့ကြတယ်။ အပင်ပန်းခံခဲ့ကြတယ်။ အဲဒီအကျိုးကို အခုပြန်ခံစားရတာဖြစ်တယ်လို့ ထင်ပါတယ်၊ ပြိုင်ဘက်အသင်းဆိုရင်လည်း ဒီနေ့မှာ အကောင်းဆုံးကြိုးစားပြီး ကစားကြတာကိုမြင်ရတယ်။ သူတို့လည်း အကောင်းဆုံးပြင်ဆင်ထားမှန်းသိသာပါတယ်။ ဒါပေမဲ့ အားကစားဆိုတော့ အရှုံး၊ အနိုင်ရှိတာပါ။ ဒီပွဲမှာ အရှေ့တိုက်စစ်နေရာက ကစားခဲ့တယ်။ ခန္ဓာကိုယ်ကြီးတော့ လှည့်တာ၊ ကန်ထုတ်တာက အားသာချက်ဖြစ်နေတော့ ရှေ့တန်းမှာ ကစားခွင့်ရခဲ့ပါတယ်။

**မသဲဆုဝေ (မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု) မြန်မာ့သိုင်းပြိုင်ပွဲ**

ကျွန်မက အမျိုးသမီးတစ်ဦး+အမျိုးသားသုံးဦးအတိုက်မှာ ယှဉ်ပြိုင်တာပါ။ မြန်မာ့သိုင်းက အခြားကိုယ်ခံပညာတွေနဲ့မတူပါဘူး။ အချို့က ခြေကိုအဓိကသုံးကြတယ်၊ အချို့ကစားနည်းက လက်ကို အဓိကထားသုံးတယ်၊ မြန်မာ့သိုင်းကတော့ လက်ရော၊ ခြေရော၊ အနီးအနားက တွေ့ရာ တုတ်၊ ဓား အားလုံးကိုအသုံးပြုနိုင်တယ်၊ အပျော့လည်းရသလို အမာလည်းရတယ်၊ အကောင်းဆုံးကတော့ မြန်မာ့သိုင်းသင်ရတာ အခြားကိုယ်ခံပညာတွေထက် ငွေကုန်ကြေးကျနည်းသလို မြန်မာ့ရိုးရာကိုယ်ခံပညာတွေကို ထိန်းသိမ်းပေးရာရောက်တယ်။ မြန်မာ့သိုင်းကို ဘာကြောင့်သင်ယူဖြစ်သလဲဆိုရင် မြန်မာမှန်ရင် မြန်မာ့သိုင်းတတ်သင့်တယ်ဆိုတဲ့ အတွေးကြောင့်ပါ။ နောက်တစ်ခုက မိန်းကလေးတွေဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက် ကိုယ်ခံပညာတစ်ခုခု တတ်ထားသင့်တာကြောင့် တက်ဖြစ်ပါတယ်။ ကျွန်မက မန္တလေးတိုင်းဒေသကြီး အမရပူရက ရွှေခဲမင်းပင်မ ဆရာကြီးဦးစိုးတင့်ဆီမှာ ပညာသင်ယူခဲ့ပါတယ်။ ငါးနှစ်တာသင်ယူခဲ့ပြီး ပြိုင်ပွဲကတော့ အခုမှ ပထမဆုံးအတွေ့အကြုံဖြစ်ပါတယ်။ ကန့်ဝင်ခဲ့တာ နှစ်လကြာခဲ့ပြီး နေ့စဉ်စနစ်တကျ လေ့ကျင့်မှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါရှင့်။ ကျွန်မရဲ့ ရည်မှန်းချက်ကလည်း မြန်မာ့ရိုးရာ သိုင်းပညာကို ကိုယ်တိုင်လည်း အကောင်းဆုံးလေ့လာသင်ယူပြီး တစ်နေ့နေ့မှာ ရိုးရာသိုင်းကလပ်အသင်းတည်ထောင်ပြီး မြန်မာ့သိုင်းကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်မယ်ဆိုပြီး ရည်မှန်းထားပါတယ်ရှင့်။

**မောင်လှိုင်မင်းခန့် (ရွှေတံဆိပ်ဆုရစစ်ကိုင်းတိုင်းဒေသကြီးပြိုင်ပွဲဝင်)**
**ဂျူဒို -66 Kg ပြိုင်ပွဲ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဂျူဒိုဆီမီးဖိုင်နယ်ပွဲဖြစ်တဲ့ ရခိုင်ပြည်နယ်ကိုယ်စားပြု ဟိန်းထက်ဇော်နဲ့ ယှဉ်ပြိုင်တဲ့ပွဲမှာ ပွဲစစချင်းမှာပဲ ကျွန်တော့် ဒူးဆစ်ကပြုတ်သွားတယ်။ ဒူးဆစ်ပြုတ်သွားပေမယ့် မလျှော့သောဇွဲနဲ့ ပြိုင်ဘက်ကို အနိုင်ရအောင်ယူမယ်ဆိုတဲ့ ခံယူချက်နဲ့ ယှဉ်ပြိုင်ခဲ့တဲ့အခါ ဖိုင်နယ်ပွဲဖြစ်တဲ့ ဗိုလ်လုပွဲကို တက်ရောက်လာပါတယ်။ ဆီမီးဖိုင်နယ်ပွဲ ပြီးပြီးချင်းမှာ ဒူးဆစ်ကို ပြန်တည့်ပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာလည်း ပြိုင်ဘက်ကစားသမားဖြစ်တဲ့ ကရင်ပြည်နယ်ကိုယ်စားပြု စောမြသန်းဇင်ကို ပွဲစစချင်း မြန်မြန်အနိုင်ယူလိုက်ပါတယ်။ အဲ့ဒီလို ဇွဲမလျှော့တဲ့အတွက်ကြောင့် ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ။

တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး၊
ဓာတ်ပုံ-ဟိန်းဇင်ထက်

◆ စာမျက်နှာ ၁၇ မှအဆက်

ရွှေကြာပင်အားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော်ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ခွဲမှူးဆရာအဆင့်အမျိုးသားတစ်ကိုယ်တော် လုံ့ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့်ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းသူက ခွဲမှူးဆရာအဆင့် အမျိုးသမီးတစ်ကိုယ်တော်လုံ့ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ တွဲဖက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော်လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်အားပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှပြိုင်ပွဲဝင်ကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ(၁၀၀၀၀)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှပြိုင်ပွဲဝင်ကို ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်စဉ်။

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၄၅ ဒီဂရီဖာရင်ဟိုက်မှ ၅၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၇ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်သွေ့အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# ထိန်ချျုံးသိပ္ပံပညာရှင်များဖိုရမ် (၂၀၂၄) ဒုတိယနေ့ နိုင်ငံတကာဉာဏပစ္စည်းမူပိုင်ခွင့်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချျုံးမြို့ရှိ ထိန်ချျုံးသိပ္ပံပညာရှင်များဖိုရမ်(၂၀၂၄) ဒုတိယနေ့အစီအစဉ်များကို ဒီဇင်ဘာလ ၇ ရက်၌ဆက်လက်ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။




နံနက်ပိုင်း၌ ပြည်ပဆက်ဆံရေးဌာန တာဝန်ရှိသူများက ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို ထိန်ချျုံးမြို့၏အထင်ကရကျင်းကော (Ginkgo)ရွာသို့ လေ့လာရေးပို့ဆောင်ပေးရာ အဆိုပါရွာသည် နှစ်ပေါင်း ၁၃၀၀ ကျော်နှင့် ၁၁၀၀ ကျော် သက်တမ်းရှိသော Ginkgo ပင်ကြီးနှစ်ပင်နှင့် နှစ်တစ်ရာကျော် သက်တမ်းရှိသော Ginkgo ပင်ကြီးများဖြင့် သာယာလှပသောရွာဖြစ်ပြီး လက်ရှိ လူဦးရေ ၄၀၀၀ ကျော်နေထိုင်လျက်ရှိ၍ ဒေသထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ လက်မှုနှင့် စက်မှုနည်းပညာတို့ပေါင်းစပ်ကာ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ ထုတ်လုပ်ရောင်းချသော ရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်း၌ ဖိုရမ်(၂၀၂၄)အစီအစဉ်အရ ကျင်းပသော International Intellectual Property Innovative Cooperation Seminar in South and Southeast Asia ဖွင့်ပွဲအခမ်းအနားသို့ တောင်အာရှနှင့် အရှေ့တောင်အာရှခုနစ်နိုင်ငံမှတာဝန်ရှိသူများ တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာ ဇဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နည်းပညာဆိုင်ရာ ရှာဖွေတွေ့ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ခေတ်သစ်၌ ဉာဏပစ္စည်းမူပိုင်ခွင့်ကာကွယ်မြှင့်တင်ရေးသည် တီထွင်ဆန်းသစ်ဖန်တီးနိုင်မှု၊ သုတေသနပြုမှု၊ သိပ္ပံနှင့်နည်းပညာတိုးတက်မှုတို့အတွက် မရှိမဖြစ်လိုအပ်ကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိသုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် နည်းပညာလွှဲပြောင်းစင်တာတည်ထောင်ထားပြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလွှဲပြောင်းရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၌ မူပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းမှုများနှင့် အခင်းအကျင်းများတည်ထောင်ပြီးဖြစ်ရာ စက်မှုကုန်ထုတ် စီးပွားရေးလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ကြောင်း၊ ဉာဏပစ္စည်းမူပိုင်ခွင့်ပိုမိုအားကောင်းလာစေရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Key Note Speech အစီအစဉ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ခံများက နိုင်ငံအလိုက် ဉာဏပစ္စည်းမူပိုင်ခွင့်ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ညနေပိုင်း၌ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၅၀၀)

# NSSA အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ရန်ကင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ( ACC)နှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဝင်များ၊ UMFCCI မှ ကိုယ်စားလှယ်နှင့် NSSA အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလထိ ၃၀၃၃၅ ဦးဖြေဆိုခဲ့ပြီး သတ်မှတ်အရည်အချင်းကိုက်ညီသူ ၂၇၈၉၉ ဦးရှိ၍ လုပ်သား ၂၆၈၉၉ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးပြီးဖြစ်ကြောင်း၊ ယနေ့ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိသူ ၆၅၄ ဦးကိုထုတ်ပေးပြီးပါက ကျန်လုပ်သား ၃၄၆ ဦးအတွက် ဆက်လက်ထုတ်ပေးနိုင်ရေးစီမံထားပြီးဖြစ်ကြောင်း ပြောကြားကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များနှင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြုလက်မှတ်များပေးအပ်သည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် Linda Fashion (Myanmar) Co.,Ltd.၊ Myanmar Postarion Co.,Ltd. နှင့် Design-time Myanmar Co.,Ltd. စက်ရုံတို့သို့ သွားရောက်ကာ စက်ရုံအတွင်းလှည့်လည်ကြည့်ရှု၍ လုပ်သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်းသိရသည်။(သတင်းစဉ်)

# ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နွားမွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဒီဇင်ဘာ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာ၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမတို့အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နွားမွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် သက်ဆိုင်ရာတာဝန်ရှိသူများက တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင်သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ နွားမွေးမြူရေးခြံဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာပြိုင်ပွဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သိပ္ပံပြခန်း၊ ချည်ထိုး၊ ပန်းထိုး လက်မှုအနုပညာပြခန်း၊ ရေနေသတ္တဝါများထိန်းသိမ်းရေး အသိပညာပေးအဏ္ဏဝါပြခန်းတို့အား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့စာပေယဉ်ကျေးမှုအမွေ"၊ "အလှဆုံးပန်းများ ပွင့်ကြမည်"သီချင်းဖြင့် ကပြတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသစာအုပ်များအားလည်းကောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောမည့် အမျိုးသားစာပေဆုများရှင် စာရေးဆရာဟိန်းလတ်ကို ဂုဏ်ပြုလက်ဆောင်အားလည်းကောင်း၊ အခမ်းအနားတွင်ပါဝင်တင်ဆက်ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက လက်ခံရယူပေးခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# ထိုင်းဘုရင့်သမီးတော်ဖလား မြင်းစီးတန်းခုန်ပြိုင်ပွဲတွင် မြန်မာမြင်းစီးကစားသမား ဖြိုးကျော်မြင့်သန်း ကြေးတံဆိပ်ဆုရရှိ

ထိုင်း ဒီဇင်ဘာ ၁၁

ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ဒီဇင်ဘာလ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် ထိုင်းဘုရင့်သမီးတော်ဖလား(Princess Cup – FEI SEA Cup –CSIJ–B PATTAYA 2024)ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်မြင်းစီးကစားသမား ဖြိုးကျော်မြင့်သန်း တတိယ(ကြေး)တံဆိပ်ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြင်းစီးကစားသမား ဖြိုးကျော်မြင့်သန်းသည် ဂျူနီယာတန်း အသက် ၁၄ နှစ်မှ ၁၈ နှစ် ပြိုင်ပွဲတွင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှကစားသမားများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်ထိုင်းက ပထမ(ရွှေ)၊ ကမ္ဘောဒီးယားက ဒုတိယ(ငွေ)နှင့် မြန်မာက တတိယ(ကြေး)တံဆိပ်များ အသီးသီးရရှိခဲ့ကြသည်။

အဆိုပါ မြင်းစီးပြိုင်ပွဲသို့ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ နည်းပြ မအိသက်မွန်နှင့် မြန်မာ့လက်ရွေးစင်မြင်းစီးအားကစားသမား ဖြိုးကျော်မြင့်သန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အလုပ်အမှုဆောင်များ သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် အားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးအောင်မျိုးဝင်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ



ကျောင်းသား၊ ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၁-၁၂-၂၀၂၄ ရက်နေ့အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၅.၇ | ၄၂.၃ |
| တီးတိန်မြို့ | ၆.၀ | ၄၂.၈ |
| ပြင်ဦးလွင်မြို့ | ၆.၂ | ၄၃.၂ |
| ဟဲဟိုးမြို့နှင့်လွိုင်လင်မြို့ | ၇.၅ | ၄၅.၅ |
| ပင်လောင်းမြို့ | ၇.၆ | ၄၅.၇ |
| မြစ်ကြီးနားမြို့ | ၉.၆ | ၄၉.၃ |
| ပူတာအိုမြို့ | ၉.၈ | ၄၉.၆ |

# ဟားခါးမြို့နယ်ချွန်ကျုံးရွာကိုလေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးများအပါအဝင် ပြည်သူ ၄ ဦး သေဆုံးပြီး ၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁


ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးများအပါအဝင် ပြည်သူ ၄ ဦးသေဆုံးပြီး ၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ ဝင်ရောက်ခိုအောင်းနေထိုင်ကြောင်း သတင်းပေးပို့မှုများရရှိလာပါက အကြမ်းဖက်သမားများ အမှန်တကယ်ဝင်ရောက်နေထိုင်မှု ရှိ/မရှိနှင့် ဒေသခံပြည်သူများနေထိုင်ခြင်း ရှိ/မရှိကို ဝေဟင်ကင်းထောက်ခြင်းများအပြင် နည်းလမ်းမျိုးစုံအသုံးပြု၍ စုံစမ်းစစ်ဆေးပြီးမှ တုံ့ပြန်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြောင်း၊ အကြမ်းဖက်သမားများကသာ နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်းနှင့် ထိုသို့အကြမ်းဖက် သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




(၁၀၀)

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ အသင်းမှထွက်ခွာခဲ့ပါက တခြားအသင်းများသို့ ပြောင်းရွှေ့မည်မဟုတ်ဘဲ နည်းပြဘဝမှ အနားယူမည်ဖြစ်ကြောင်းပြောကြား



မန်ချက်စတာ ဒီဇင်ဘာ ၁၁

မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာက အသင်းမှထွက်ခွာခဲ့ပါက တခြားအသင်းများသို့ ပြောင်းရွှေ့မည်မဟုတ်ဘဲ ပရော်ဖက်ရှင်နယ်နည်းပြဘဝမှ အနားယူမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၅၃ နှစ်အရွယ် နည်းပြဂွါဒီယိုလာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကာ ၂၀၀၇ ခုနှစ်က ဘာစီလိုနာအရန်အသင်းကို စတင်တာဝန်ယူ၍ နည်းပြလောကသို့ဝင်ရောက်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်က ဘာစီလိုနာအသင်းကြီးကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းလဲတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြ ဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းတွင်လည်း ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ အောင်မြင်မှုများစွာရရှိခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့်လမ်းခွဲပြီး မန်စီးတီးအသင်းထံ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းထံ ပြောင်းရွှေ့ပြီးနောက် အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်သာမက ဥရောပတွင်လည်း ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလား၊ ကလပ်ကမ္ဘာ့ဖလား၊ ဥရောပစူပါဖလား၊ အက်ဖ်အေဖလားနှင့် ကာရာဘောင်းဖလား စသည့်ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း လေးနှစ်ဆက်ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။

မန်စီးတီးအသင်းနှင့် နည်းပြဂွါဒီယိုလာတို့သည် ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း မန်စီးတီးအသင်းက ၎င်းကို ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာအနေဖြင့် မန်စီးတီးအသင်းကို အောင်မြင်မှုများစွာရယူပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံနေရကြောင်း သိရသည်။ *Ref;Sky Sports*

# ဘာရိုက်တန်အသင်းက အင်တာမိုင်ယာမီအသင်းမှ ဂိုမက်ဇ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် ဒီဇင်ဘာ ၁၁

ဘာရိုက်တန်အသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အင်တာမိုင်ယာမီအသင်းမှ ကွင်းလယ်ကစားသမား ဂိုမက်ဇ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်သာရှိသေးသည့် ဂိုမက်ဇ်သည် ၂၀၂၀ ပြည့်နှစ်က လီဘာတက်အသင်းနှင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို စတင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က အင်တာမိုင်ယာမီအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂိုမက်ဇ်သည် အင်တာမိုင်ယာမီအသင်း၌ ပထမဆုံးဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၂ ပွဲသာပါဝင်ကစားခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက အသင်း၌ အဓိက ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိကာ ပြိုင်ပွဲစုံ ၂၈ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ဘာရိုက်တန်အသင်းက ခေါ်ယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မေဂျာလိဂ်ပြိုင်ပွဲပြီးဆုံးသည့်အတွက် ခေါ်ယူခွင့်ရရှိခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ဘာရိုက်တန်အသင်းနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# ရီးယဲလ်မက်ဒရစ်အသင်းကခေါ်ယူရန်စီစဉ်နေသည့် လီဗာပူးအသင်းမှအာနိုးကို ကြားဖြတ်ခေါ်ယူနိုင်ရန် ဘာစီလိုနာအသင်းပြင်ဆင်နေ

ဘာစီလိုနာ ဒီဇင်ဘာ ၁၁

ဘာစီလိုနာအသင်းသည် ပြိုင်ဘက်ရီးယဲလ်မက်ဒရစ်အသင်းကခေါ်ယူရန်စီစဉ်နေသည့် လီဗာပူးအသင်း တောင်ပံကစားသမားအာနိုးကို ကြားဖြတ်ခေါ်ယူနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် အာနိုးသည် လီဗာပူးအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်က အသင်းကြီးနှင့်စတင်လက်တွဲကာ ပါဝင်ကစားခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြလျက်ရှိပြီး လက်ရှိ ကမ္ဘာ့အကောင်းဆုံးညာတောင်ပံကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

အာနိုးသည် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင် ဗန်ဒိုက်ဂ်ပြီးလျှင် ဒုတိယအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသူဖြစ်သော်လည်း အသင်းနှင့်စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

လီဗာပူးအသင်းက ယခုဘောလုံးရာသီကုန်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိပါက အဓိကထိပ်တန်းကစားသမားတစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုများ ပြုလုပ်ထားခြင်းဖြစ်သည်။ သို့သော် အာနိုးက လက်ရှိရရှိနေသည့်လုပ်ခလစာထက် ပိုမိုအလိုရှိနေပြီး လီဗာပူးအသင်းက တိုးမြှင့်မပေးချေလို၍ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြန့်ကြာနေသဖြင့် ဘာစီလိုနာအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အခွင့်အရေးရှိနေသည့်အတွက် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

*Ref;Goal.com*

# တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို မန်ယူအသင်းက လာမည့်ဇန်နဝါရီလ သို့မဟုတ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်

မန်ချက်စတာ ဒီဇင်ဘာ ၁၁

မန်ယူအသင်းက အသင်း၌ ခြေစွမ်းပိုင်းတိုးတက်လာခြင်းမရှိသည့် တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို လာမည့်ဇန်နဝါရီလ သို့မဟုတ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်က မန်ယူအသင်းကို နည်းပြဗန်ဂါးတာဝန်ယူကိုင်တွယ်ခဲ့စဉ်က အသင်းကြီးနှင့်ပူးပေါင်းခွင့်ရရှိပြီးနောက် အသင်း၌ အကောင်းဆုံးလူငယ်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ကစားသမားဘဝအစပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ နည်းပြအဆက်ဆက် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ပုံမှန်ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး ဂိုးသွင်းအားမှာလည်း သိသိသာသာကျဆင်းနေသည့်အတွက် မန်ယူအသင်းက လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် သင့်လျော်သည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချမည်ဖြစ်သည်။

မန်ယူအသင်းက ရက်ရှ်ဖို့ဒ်ကို လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် မရောင်းချနိုင်ပါက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားပြီး စပိုတင်းလစ္စဘွန်းအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် ဂျိုကာရက်ကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ *Ref;Fotmob*






### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ ဖကမ်ရွာ၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်နန်းကောင်းခမ်း ၁၃/ကတန(နိုင်)၀၀၉၂၀၂ ၏ဖခင်အမည်မှန်မှာ ဦးမြင့်သန်း ဖြစ်ပါကြောင်း။

**ဦးမြင့်သန်း**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အရိုးအထူးကုဆေးရုံကြီးမှ ဌာနခွဲစာရေးကြီး တာဝန်ထမ်းဆောင်နေသော အဘ ဦးယောဖွေ၏သား ဦးယောဖွေဖေ၏အမည်မှန်မှာ ဦးဖွေဖေ ၄/မတန(နိုင်)၀၀၁၈၉၉ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁၂-၁၉၆၈ ဖြစ်ပါကြောင်း။

**ဦးဖွေဖေ၊ ၃၁-၁၂-၁၉၆၈**

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နေ နော်အေးဖော(ဘ)ဦးအောင်ကျင် ၁၄/လမန(နိုင်)၀၈၀၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၃၇၅၅၆၁၉**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၊ ကျိုင်းလွန်းအုပ်စု၊ ဆဟန်ရွာနေ အဘ ဦးစိုင်းကူ၊ အမိ ဒေါ်နန်းမတ်တို့၏သား မောင်စိုင်းစင်အောင်၏အမည်မှန်မှာ မောင်စိုင်းရှဲန်အောင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။

**မောင်စိုင်းရှဲန်အောင်၊ ၁၆-၁၀-၂၀၀၆**

### အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း KG တွင် ပညာသင်ကြားနေသော အဘ ဦးအောင်ထွန်း၏သား ထူးဝေယံအောင်အား မောင်အောင်ဇေဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဇေဖြိုး**

### အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရွှေနံ့သာ Grade-6 မှ ပညာသင်ကြားနေသော မောင်ကောင်းမြတ်သူ၏ဖခင် ဦးမောင်မောင်လှ၏ အမည်မှန်မှာ ဦးဝင်းမောင်မောင်လှ ၈/ဆမန(နိုင်)၀၅၅၅၅၄ ဖြစ်ပါကြောင်း။ **ဦးဝင်းမောင်မောင်လှ**

### အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(ခွဲ)၊ ရွှေနံ့သာ Grade-12 မှ ပညာသင်ကြားနေသော မဝေဝေအောင်၏ဖခင် ဦးဝင်းရွှေ၏အမည်မှန်မှာ ဦးညွန့်ရွှေ ၉/ပမန(နိုင်)၁၁၀၅၃၂ ဖြစ်ပါကြောင်း။

**ဦးညွန့်ရွှေ**

### ပျောက်ဆုံးကြောင်း

ဝါဝါမေ(ဘ)ဦးညို ၁၂/ဥကတ(နိုင်)၀၀၇၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

သဇင်(ဘ)ဦးကြည်ညိမ်း ၁၂/ဒပန(နိုင်)၀၄၆၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ကိုဝင်းစိန်(ဘ)ဦးအောင်လှစိန် ၁၂/အစန(နိုင်)၁၇၃၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 038373)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၆၉၃၃၃၇၇**

### ပျောက်ဆုံးကြောင်း

ခိုင်သဇင်သော်(ဘ)ဦးစိုးလွင် ၉/လဝန(နိုင်)၂၂၈၅၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 730335)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၃၃၇၀၈၆**

### ပျောက်ဆုံးကြောင်း

ဇော်မင်းထွန်း(ဘ)ဦးနေမင်းထွန်း ၁၂/အစန(နိုင်)၁၇၁၈၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၇၄၁၇၈၁**

### ပျောက်ဆုံးကြောင်း

စိုးလွင်(ဘ)ဦးဖိုးဆယ် ၉/ကပတ(နိုင်)၁၈၉၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 962145)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၁၁၁၂၁၄၉**

### ပျောက်ဆုံးကြောင်း

မကျိန်ခန့်ဟွဲ(ဘ)ဦးလျှန်းခိုကမ် ၄/တတန(နိုင်)၀၄၅၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

မရွှေဇီး(ဘ)ဦးခင်ကျော်ထွန်း ၅/ကလထ(နိုင်)၂၂၄၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

အာမက်(ခ)ဟိန်းထက်အောင်(ဘ)ဦးအီစွတ်ဟာရှင်မြား ၁၂/ပဘတ(နိုင်)၀၃၅၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 009253)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သင်းမောင်(ဘ)ဦးကုလား ၁၂/ရကန(နိုင်)၀၃၇၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ကျော်မျိုးထွန်း(ဘ)ရွှေဝင်း ၁၄/ပတန(နိုင်)၁၄၄၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 180724)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### မိဘအမည်မှန်

ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ Grade-5(C) မှ မောင်ရန်လင်းထွန်း၏မိဘအမည်မှန်မှာ ဦးချမ်းသာနှင့် ဒေါ်ဝတ်ရည်ဖြိုးတို့ဖြစ်ပါကြောင်း။

**ဦးချမ်းသာ-ဒေါ်ဝတ်ရည်ဖြိုး**

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.လ.က(ခွဲ)ဘုရားကလေးကျောင်း၊ Grade-3 မှ မောင်ဖြိုးမာန်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦးဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး**

### ပျောက်ဆုံးကြောင်း

ချစ်မင်းအောင်(ဘ)ဦးဝင်းချစ် ၁၂/လကန(နိုင်)၂၈၉၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 598545)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

သက်နိုင်(ဘ)ဦးမောင်စိန် ၁၂/ဥကမ(နိုင်)၁၃၈၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မတင်မိုးသူ(ဘ)ဦးသိန်းဝင်း ၈/ဆပဝ(နိုင်)၀၉၁၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

စန်းစန်းအေး(ဘ)အေးကျော် ၉/သေရ(နိုင်)၀၂၁၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 893863)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ငွေငွေလှိုင်(ဘ)ဦးအုန်းလှိုင် ၁၄/ကပန(နိုင်)၁၆၃၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 536594)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

ဒေါ်သီသီဦး(ဘ)ဦးကျော်လင်း ၅/စကန(နိုင်)၃၀၈၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၆၁၀၅၃၉**

### ပျောက်ဆုံးကြောင်း

ငွေအောင်(ဘ)ဦးရှင်တိုင်း ၁/ဟပန(နိုင်)၀၀၉၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၆၇၆၈၆၉**

### ပျောက်ဆုံးကြောင်း

မရှောက်ဆန်း(ဘ)ဦးကြာဖွေး ၁၃/လရန(နိုင်)၀၈၄၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.လ.က(ခွဲ)ဘုရားကလေးကျောင်း၊ Grade-4 မှ မကူးကူးစံ၏ဖခင်အမည်မှန်မှာ ဦးဇေယျာဝင်းဖြစ်ပါကြောင်း။

**ဦးဇေယျာဝင်း**

### ပျောက်ဆုံးကြောင်း

ထက်အောင်လှိုင်(ဘ)ဦးဇင်မင်းသော် ၁၄/ကလန(နိုင်)၁၈၅၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၁၆၈၁၀**

### ပျောက်ဆုံးကြောင်း

ဆုယဉ်မြင့်(ဘ)ဦးသက်နိုင်ဦး ၁၂/ဒဂတ(နိုင်)၁၅၅၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

မိုးမိုးမြင့်(ဘ)ဦးခင်မောင်ညွန့် ၉/ကဆန(နိုင်)၁၅၆၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

မိုးကျော်သူ(ဘ)ဦးကျော်မြင့် ၉/ရမသ(နိုင်)၀၀၀၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(541418)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ဦးမျိုးသန့်(ဘ)ဦးမြင့်စိုး ၈/မသန(နိုင်)၁၁၄၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 618522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

စန်းစန်းအေး(ဘ)ဦးသိန်းမြင့် ၇/ညလပ(နိုင်)၁၄၈၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 875544)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၁၃၃၀၅၈**

### ပျောက်ဆုံးကြောင်း

သင်းသင်းရီ(ဘ)ဦးအဘို ၁၄/ဝခမ(နိုင်)၀၇၂၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၂၉၉၂၇၅**

### ပျောက်ဆုံးကြောင်း

ဒေါ်ဒေဝီ(ဘ)ဦးတင်မောင်ထင်း ၉/ကပတ(နိုင်)၂၅၂၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ဦးကိုတိုး(ဘ)ဦးစိုးဝင်း ၉/ရမသ(နိုင်)၁၉၉၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

သိန်းထွန်း(ဘ)ဦးအီလိတ် ၁၂/ပဇတ(နိုင်)၀၁၁၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၁၃၀၅၄**

### ပျောက်ဆုံးကြောင်း

ခင်သန်း(ဘ)ဦးသန်းမောင် ၁၂/သကတ(နိုင်)၂၃၃၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၇၉၆၀၀**

### ပျောက်ဆုံးကြောင်း

ဦးမင်းလွင်(ဘ)ဦးလှရွှေ ၇/ဒဥန(နိုင်)၀၀၀၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၃၂၀၄၃၉**

### ပျောက်ဆုံးကြောင်း

ကျော်ဇေလှ(ဘ)ဦးလှ ၇/တငန(နိုင်)၀၀၂၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၀၁၉၆၈**

### ပျောက်ဆုံးကြောင်း

စည်သူအောင်(ဘ)ဦးရန်အောင်လင်း ၉/သပက(နိုင်)၀၆၄၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 164473)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၅၂၃၆၃၇၃**

### ပျောက်ဆုံးကြောင်း

နုနုထွေး(ဘ)ဦးနွားအောင် ၁၁/ကဖန(နိုင်)၁၁၃၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 697967)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၉၅၁၉၃၀**

### ပျောက်ဆုံးကြောင်း

ရဲမျိုးသူ(ဘ)ဦးနေမျိုးဝင်း ၁၂/မရက(နိုင်)၁၅၁၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 787958)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၁၅၉၆၈၄**

### ပျောက်ဆုံးကြောင်း

အိပိုင်ဖြိုး(ဘ)ဦးသန်းထွဋ် ၁၂/လမတ(နိုင်)၀၃၄၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၃၁၀၅၅**

### ပျောက်ဆုံးကြောင်း

အေးသန္တာမိုး(ဘ)ဦးညိုဝင်း ၁၂/လမန(နိုင်)၁၄၆၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

### ပျောက်ဆုံးကြောင်း

အေးချမ်းမြတ်ဖြိုး(ဘ)ဦးဝင်းရွှေ ၁၂/သလန(နိုင်)၁၃၈၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 964060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၇၉၀၆၂**

### ပျောက်ဆုံးကြောင်း

မျိုးသူရထွန်း(ဘ)ဦးမျိုးခိုင် ၁၂/ဒဂတ(နိုင်)၀၈၄၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 664726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၀၀၄၂၅၄**

### ပျောက်ဆုံးကြောင်း

ခင်ရတနာလွင်(ဘ)ဦးခင်မောင်လွင် ၈/အလန(နိုင်)၂၂၄၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၀၀၉၉၂၈၀**

### ပျောက်ဆုံးကြောင်း

သီသီဦး(ဘ)ဦးကျော်လင်း ၅/စကန(နိုင်)၃၀၈၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၆၁၀၅၃၉**

### ပျောက်ဆုံးကြောင်း

အိမွန်ငြိမ်း(ဘ)ဦးသန်းဝင်း ၁၂/တတန(နိုင်)၁၄၁၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

မြမြငွေ(ဘ)ဦးစန်းမောင် ၅/ယမပ(နိုင်)၁၄၅၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မျိုးလင်းအောင်(ဘ)ဦးအောင်ရွှေ ၈/တတက(နိုင်)၁၂၀၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ရွာနေ မင်းခန့်ကို(ဘ)ဦးဇော်မင်း ၇/ဝမန(နိုင်)၂၁၇၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 958202)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၁၇၉၈၄၁၀**

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အနောက်လယ်ရပ်နေ မစင်ဒရာမာ(ဘ)ဦးမောင်မောင် ၁၂/သဃက(နိုင်)၀၄၄၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 259400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၇၃၉၀၅၈၇**

### ပျောက်ဆုံးကြောင်း

သဃ်န်းကျွန်း၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ အမှတ်(၁၈)နေ ကိုသန့်ဇင်(ဘ)ဦးမြင့်ဆွေ ၁၂/သဃက(နိုင်)၀၀၃၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၅၁၂၃၃၂**

### ပျောက်ဆုံးကြောင်း

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ မ-၆၁၈နေ ဒေါ်ဒွေလှေဆုန်း(ဘ)ဦးကျဲအိုဟမ် ၅/ကလထ(နိုင်)၁၁၅၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 219023)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၇၃၈၈၀၄**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

## လူမှုရေး/စီးပွားရေးကြော်ငြာများ

(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**သစ်တောမှန်လျှင် အသုံးဝင်**

**အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုမြင်ကွင်းပုံရိပ်များ



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။





ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဂျူဒိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဂျူဒိုပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒို အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒို အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။

# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် စာရင်းစစ် / စာရင်းကောက် ဆရာ၊ ဆရာမများနှင့် မြို့နယ်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီတို့ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ခဲ့သည့်စာရင်းစစ်/စာရင်းကောက် ဆရာ၊ ဆရာမများနှင့် မြို့နယ်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်စာရင်းစစ်/စာရင်းကောက်ဆရာ၊ ဆရာမများနှင့် မြို့နယ်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုနယ်မြေနေပြည်တော်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်အမှာစကားပြောကြားပြီး စက်ချုပ်နည်းပညာသင်တန်းအတွက် ချီးမြှင့်ငွေများနှင့် သင်တန်းသုံးပစ္စည်းများကို တာဝန်ရှိသူများနှင့် သင်တန်းသူများကိုပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)




သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာန နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

*“လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး”*

(၁၈.၁၂.၂၀၂၄)


# တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေးကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံက ဟိုတယ်လုပ်ငန်းသက်တမ်းတိုးခြင်း၊ တည်းခိုရိပ်သာသက်တမ်းတိုးခြင်းနှင့် ဧည့်လမ်းညွှန်သက်တမ်းတိုးခြင်းအမှုတွဲများအား သက်ဆိုင်ရာထောက်ခံချက်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းခြင်းနှင့် တက်ရောက်လာသည့်တိုင်းဒေသကြီးအဆင့်ကော်မတီဝင်များက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ပိုင်းဝန်းအကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းအမှုတွဲတစ်ခုချင်းအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ပြည်တွင်းခရီးသွား ၃၉၉၆၃၇ ဦး၊ ပြည်ပခရီးသွား ၆၃၂၉ ဦးဝင်ရောက်ခဲ့ပြီး ငွေကျပ် ၄၉၀၉ ဒသမ ၃၄ သန်းရရှိခဲ့၍ ကာလတူနှိုင်းယှဉ်ချက်အရ ပြည်တွင်းခရီးသွား ၁၃၇၅၁ ဦးနှင့်ဝင်ငွေကျပ် ၆၅၁ ဒသမ ၂၅ သန်း ပိုမိုတိုးတက်ခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး / ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများအား နေ့လယ်စာပြင်ဆင်ကျွေးမွေးနေမှုကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး သွားရောက်ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့သွားရောက်ကာ တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအား နေ့လယ်စာကျွေးမွေးဧည့်ခံနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တည်းခိုရေးအဆောင်များ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ နေ့လယ်စာစားသုံးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ချက်ပြုတ်ရေးအဆောင်သို့ သွားရောက်၍ ညနေစာအတွက် သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ချက်ပြုတ်နေမှု၊ စားရိပ်သာများနှင့် ချက်ပြုတ်ရေးအဆောင်များ သန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၁) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံ့ဂုဏ်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုကြပြီး သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၁)သို့ သင်တန်းသား ၁၀၇ ဦး၊ သင်တန်းသူ ၂၂၁ ဦး စုစုပေါင်း ၃၂၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom
NINE MILE BRANCH
RHINO
PORTLAND CEMENT


နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။


❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)


# အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဒီဇင်ဘာ ၁၁

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း သီရိလင်္ကာနိုင်ငံကမ်းခြေ-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




# ရှောင်မြို့နယ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ တရားမဝင်သယ်ဆောင်မည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ တန်ခန့် ဖမ်းဆီးရမိ




ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၃ ရက်နေ့ ညနေ ၅ နာရီအချိန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့နယ်၊ မြို့ကြီးကျေးရွာအနီးတွင် သိန်းထိုက်အောင် မောင်းနှင်သည့် ISUZU ၁၂ ဘီးမော်တော်ယာဉ်နှင့် ကျော်ဝင်းမောင်းနှင်သည့် FUSO ၁၂ ဘီး မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါ ယာဉ် ၂ စီးပေါ်တွင် နွားချေးမြေဩဇာများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၂ တန်ခန့် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကဖင်းများတရားမဝင်သယ်ဆောင်ရောင်းဝယ်ရာတွင်ပါဝင်သူ နေအောင်အား ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်၊ နားဋ္ဌောင်းကျကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး ကဖင်းများအား မန္တလေးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သယ်ဆောင်ခိုင်းသူ

စာမျက်နှာ ၂၉ ကော်လံ ၁ ■

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

